စိတ်ကူးချိုချိုအနုပညာ

# အောင်မြင်မှုအတွက် ကျင့်စဉ် ၃ ချက်

ထွန်း-မြန်မာမြန်

# 3 THINGS SUCCESSFUL PEOPLE DO

JOHN C. MAXWELL

mgyoe.com

mgyoe.com

သင်ဘယ်ကို သွားနေတယ်ဆိုတာ သိနေရင်
ခရီးလမ်းက ပိုမိုအဓိပ္ပာယ်ရှိပြီး
ပျော်ရွှင်ဖွယ် ကောင်းနေပါလိမ့်မယ်။
သင့်အောင်မြင်မှုအတွက်
ယနေ့ကာလမှာ အရေးကြီးတာက
၁ - သင့်ရည်ရွယ်ချက်ကို သိရှိနားလည်ဖို့ -
၂ - ဖြစ်နိုင်ချေအမြင့်မားဆုံးသောနေရာအထိ
ရောက်ရှိအောင် ကြိုးစားဖို့ -
၃ - အခြားသူများအား ကောင်းစေ၊ အကျိုးရှိစေရန်
မျိုးစေ့ချပေးဖို့ ဆိုတဲ့ ...
အချက် ၃ချက်ပါပဲ။




AH0078
1,300.00 KS

mgyoe.com

အောင်မြင်မှုအတွက်ကျင့်စဉ် ၃ ချက်၊ ဌန်
စာမျက်နှာ ၁၃၅+ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အောင်မြင်မှုအတွက် ကျင့်စဉ် ၃ ချက်

## 3 THINGS SUCCESSFUL PEOPLE DO

**John C. Maxwell**

## ထွန်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁။ | သင်ဘယ်ကိုသွားနေတယ်ဆိုတာသိနေရင် ခရီးလမ်းက ပိုမိုအဓိပ္ပာယ်ရှိပြီး ပျော်ရွှင်ဖွယ်ကောင်းနေပါလိမ့်မယ် | ၁ |
| ၂။ | ခရီးသွားဖို့ အခြေအနေဖြစ်လာခြင်း | ၃ |
| ၃။ | အောင်မြင်မှုကို မှားယွင်းစွာပုံဖော်ခြင်း | ၇ |
| ၄။ | လွဲမှားသောအယူအဆများ | ၇ |
| ၅။ | အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံရကျိုးနပ်ခြင်းဖြင့် အောင်မြင်မှုရနိုင်သည်ဟု မှားယွင်းစွာယူဆခြင်း | ၁၁ |
| ၆။ | ဩဇာအာဏာရှိခြင်းဖြင့် အောင်မြင်မှုရယူနိုင်သည်ဟု မှားယွင်းစွာယူဆခြင်း | ၁၂ |
| ၇။ | တိုးတက်မှုရှိခြင်းကိုအောင်မြင်မှုအဖြစ် မှားယွင်းစွာ ယူဆခြင်း | ၁၃ |
| ၈။ | အောင်မြင်မှုကို မှန်ကန်စွာပုံဖော်ခြင်း | ၁၃ |
| ၉။ | ဘာအတွက် ကျွန်ုပ်ရှာဖွေခြင်းတွေလုပ်ရသနည်း | ၁၆ |


mgyoe.com

mgyoe.com

၁၀။ ကျွန်ုပ်အား ဘုရားသခင်က
ဘာကြောင့်ဖန်ဆင်းရပါသလဲ ၁၆
၁၁။ , ကျွန်ုပ်၏ တိမ်မြုပ်ငုပ်လျှိုးနေသောစွမ်းရည်ကို
ယုံကြည်အားကိုးလို့ရနိုင်ပါသလား ၁၇

## အပိုင်း - ၁
## သင့်ရည်ရွယ်ချက်ကို သိရှိနားလည်ခြင်း

၁၂။ ကျွန်ုပ်ဘယ်နေရာကိုသွားချင်သလဲ။ ၂၇
၁၃။ ဘယ်နေရာကိုမှမရောက်တဲ့ ပင်လယ်အပျော်ခရီး ၃၀
၁၄။ စိတ်ကူးအိပ်မက်တစ်ခု၏စွမ်းအား ၃၂
၁၅။ စိတ်ကူးအိပ်မက်တစ်ခုက ကျွန်ုပ်တို့၏
ဦးတည်ရာလမ်းကြောင်းအမှန်ကို ညွှန်ပြပေးသည် ၃၅
၁၆။ စိတ်ကူးအိပ်မက်တစ်ခုက
ကျွန်ုပ်တို့၏အောင်မြင်နိုင်ချေများစွာကို
ဆက်လက်တိုးတက် မြင့်မားလာစေတတ်ပါတယ် ၃၅
၁၇။ စိတ်ကူးအိပ်မက်က အနာဂတ်ကာလ
မျှော်လင့်ချက်များကို ရုပ်လုံးပေါ်လာစေသည် ၃၆
၁၈။ စိတ်ကူးအိပ်မက်က ကျွန်ုပ်တို့အလုပ်တွေကို
တန်ဖိုးတွေထပ်မံပေါင်း ထည့်ပေးပါတယ်... ၃၇
၁၉။ စိတ်ကူးအိပ်မက်တစ်ခုအား
အဆင့်ဆင့်တိုးတက်ဖွံ့ဖြိုးလာစေခြင်း ၃၇
၂၀။ သင့်အတွက် စိတ်ကူးအိပ်မက်ကောင်းများကို
အမိအရဖမ်းဆုပ်ထားပါ ၄၂

mgyoe.com

mgyoe.com

၂၁။ သင့်စိတ်ကူးအိပ်မက်များ အမှန်တကယ်
အကောင်အထည်ပေါ်လာခါနီး၌
သတိပြုရမည့်အချက်များ ၄၂
၂၂။ စိတ်ကူးအိပ်မက်များကို ခွဲခြားစိစစ်ခြင်း ၄၃
၂၃။ သင့်စိတ်နေစိတ်ထားက သင့်မြင့်မားသော
အခြေအနေကို အဆုံးအဖြတ်ပေးသည် ၄၅
၂၄။ ယနေ့ကာလမှာ သင်ဟာ ဘယ်သူဖြစ်ပြီး
ဘယ်နေရာမှာရှိနေတယ်ဆိုတာကို
သင့်ရဲ့စိတ်နေစိတ်ထားကနေ
အကျိုးသက်ရောက်စေပါတယ် ၄၅
၂၅။ သင်၏ လက်ရှိကာလစိတ်နေစိတ်ထားက
ရွေးချယ်မှုတစ်ခုဖြစ်သည် ၄၇
၂၆။ အောင်မြင်ရေးခရီးလမ်းကို
သင်ဘယ်လိုချဉ်းကပ်မလဲဆိုတာကို
သင့်စိတ်နေစိတ်ထားက ဆုံးဖြတ်ပေးသည် ၄၉
၂၇။ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းတို့အကြား
ကွာခြားချက်ကို သင့်စိတ်နေစိတ်ထားက
ဖော်ပြပေးပါတယ် ၅၂
၂၈။ မြင့်မြတ်သော စိတ်နေစိတ်ထားတစ်ခု၏
ထူးခြားသောလက္ခဏာ ၇ ရပ် ၅၃
၂၉။ သင့်တာဝန်ဝတ္တရားများကို တောင်းဆိုပါ၊
အခွင့်အရေးများ မတောင်းဆိုရ ၅၆
၃၀။ သင့်ကိုယ်သင် အလေးအနက်မထားလွန်းပါနှင့် ၅၉

mgyoe.com

mgyoe.com

၃၁။ သင့်စိတ်နေစိတ်ထားကိုပြောင်းလဲပေးနိုင်ဖို့
အရေးယူဆောင်ရွက်ပါ ၅၉
၃၂။ အောင်မြင်မှုဆီသွားသောခရီးသွားများ ၅၉
၃၃။ ခရီးသွားအမျိုးမျိုး ၅၉
၃၄။ ရည်မှန်းချက်က အောင်မြင်မှုလမ်းကြောင်းတစ်ခုကို
ဖန်တီးပေးသည် ၆၁
၃၅။ သင့်ကိုယ်ပိုင်လမ်းပြမြေပုံတစ်ခုကို ဖန်တီးပေးခြင်း ၆၂
၃၆။ သင့်စိတ်ကူးအိပ်မက်များကို အသိအမှတ်ပြုပါ... ၆၂
၃၇။ သင်၏ခရီးလမ်းအစပြုရာနေရာအား လေ့လာခြင်း ၆၂
၃၈။ သင့်ရည်မှန်းချက်ကို အဓိပ္ပာယ်ဖော်ပြခြင်း ၆၅
၃၉။ သီးခြားအခြေအနေများကို စိစစ်ခြင်း ၆၆
၄၀။ အောင်မြင်ရေးခရီးစဉ်သို့
သွားရောက်သည့်ခရီးလမ်းတစ်လျှောက်
သင့်စိတ်ကူးအိပ်မက်များအား
အဆင့်ဆင့်အကောင်အထည်ဖော်ရမည် ၆၇

## အပိုင်း - ၂

## ဖြစ်နိုင်ချေအမြင့်မားဆုံးသော နေရာအထိ ရောက်ရှိအောင် ကြိုးစားခြင်း

၄၁။ အောင်မြင်ရေးခရီးစဉ်သို့သွားရောက်ရန်
အရန်သင့်ပြင်ဆင်ထားခြင်း ၇၁
၄၂။ အပြောင်းအလဲကြောင့် တိုးတက်အောင်မြင်ခြင်း ၇၂
၄၃။ တိုးတက်အောင်မြင်ခြင်းက
ရွေးချယ်စရာတစ်ခုဖြစ်သည် ၇၃

mgyoe.com

mgyoe.com

၄၄။ တိုးတက်အောင်မြင်နေသောသူများနှင့်
ဆက်ဆံရေးကောင်းတည်ဆောက်ခြင်း ၈၃
၄၅။ သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုးဖွံ့ဖြိုးမှုကို
ဘဝနေထိုင်မှုပုံစံတစ်ခုအဖြစ် အကောင်းဆုံး
တည်ဆောက်ပေးနိုင်သည့်ညွှန်ပြမှုများ ၈၄
၄၆။ မူလလမ်းကြောင်းပေါ်မှ သွေဖည်ခြင်းကို
ဘယ်လိုကိုင်တွယ်ထိန်းချုပ်မလဲ ၈၆
၄၇။ ခရီးလမ်းကြောင်းသွေဖည်ခြင်းကိုဖြစ်စေသည့်
အခြေခံအကြောင်းအရင်း ၂ ရပ်ကို
သိရှိနားလည်ခြင်း ၈၈
၄၈။ ကြောက်ရွံ့ခြင်းနှင့်ပတ်သက်သော
အချက်အလက်များ ၈၉
၄၉။ အကြောက်တရားကိုဖယ်ထုတ်နိုင်အောင်ကြိုးစားခြင်း ၉၀
၅၀။ သင်၏ စိုးရိမ်ထိတ်လန့်မှုများကို ရင်ဆိုင်ပါ ၉၁
၅၁။ ကြောက်ရွံ့ထိတ်လန့်စရာတွေရဲ့
အခြေခံအုတ်မြစ်ကိုတွေ့ အောင်ရှာခြင်း ၉၂
၅၂။ သင်၏ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဝန်ခံပါ ၉၃
၅၃။ ကြောက်ရွံ့ထိတ်လန့်မှုအား
တိုးတက်ရေးအတွက်
ပေးဆပ်စရာတစ်ခုအဖြစ် လက်ခံထားပေးပါ ၉၃
၅၄။ ကျရှုံးခြင်း၏စွမ်းအား ၉၄
၅၅။ ဒိုင်ဗင်ခုံတစ်ခုအဖြစ် အသုံးပြုပါ ၉၄
၅၆။ ကျရှုံးခြင်းအပေါ်တန်ဖိုးထားပါ ၉၄

mgyoe.com

mgyoe.com

၅၇။ ကျရှုံးခြင်းက သင့်ကိုပြန်လည်ညွှန်ကြားနိုင်စေဖို့ ခွင့်ပြုပေးပါ ၉၅
၅၈။ စိတ်ပျက်အားငယ်စရာများကို ဟာသနှော၍ဖျောက်ဖျက်ပစ်ပါ ၉၆
၅၉။ ကျရှုံးမှုအား တိုးတက်အောင်မြင်ရေးအတွက် စံသတ်မှတ်ချက်တစ်ခုအဖြစ် အသုံးပြုပါ ၉၇
၆၀။ အောင်မြင်မှုလမ်းကြောင်းပေါ်မှ သွေဖည်သွားခြင်းကို ဘယ်လိုကိုင်တွယ်ထိန်းချုပ်မလဲ ၉၈
၆၁။ ထူးချွန်သော အရည်အသွေးက အများ၏လက်ခံနိုင်စွမ်းကို မြင့်တက်စေသည် ၁၀၀
၆၂။ ထူးချွန်ပြောင်မြောက်သောအရည်အသွေးများရရှိလာဖို့ လိုက်နာဆောင်ရွက်ရမည့်အချက်များ ၁၀၀
၆၃။ အနာဂတ်ကာလအောင်မြင်နိုင်ချေများစွာက ငွေကြေးရရှိမှုထက် သာလွန်သွားစေသည် ၁၀၁
၆၄။ နာမည်ကောင်းရစေသည့် စရိုက်လက္ခဏာအား ဖွံ့ဖြိုးစေခြင်း ၁၀၂
၆၅။ မဆုတ်မနစ်ကြိုးစားနိုင်စွမ်းကို ဆက်လက်မြှင့်တင်ပေးခြင်း ၁၀၃

## အပိုင်း - ၃

## အခြားသူများအား ကောင်းစေ၊ အကျိုးရှိစေရန် မျိုးစေ့ချပေးခြင်း

၆၆။ ဒါလား မိသားစုအပန်းဖြေခရီးလား ၁၀၅
၆၇။ ခိုင်မာသောမိသားစုတစ်ခုတည်ဆောက်ခြင်း ၁၀၆

mgyoe.com

mgyoe.com


၆၈။ တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြု
တန်ဖိုးထားနိုင်ကြောင်းဖော်ပြခြင်း ၁၀၆

၆၉။ အကျပ်အတည်းများအား
အပြုသဘောဆောင်စွာ ဖြေရှင်းပါ ၁၁၂

၇၀။ ပြဿနာကိုသာ တိုက်ခိုက်ပါ၊
လူကိုတိုက်ခိုက်ခြင်းမပြုရ ၁၁၃

၇၁။ ပြဿနာနှင့်သက်ဆိုင်သော
အချက်အလက်များအား ရယူထားပေးပါ ၁၁၃

၇၂။ ရွေးချယ်ခွင့်အားလုံးအား စာရင်းပြုစုပါ ၁၁၄

၇၃။ အကောင်းဆုံးဖြေရှင်းခြင်းကို ရွေးချယ်ပါ ၁၁၄

၇၄။ ကြုံတွေ့ရသောပြဿနာထဲမှ
ကောင်းကွက်များကိုရှာဖွေပါ ၁၁၄

၇၅။ မိသားစုအတွင်း ပြဿနာပြေငြိမ်းစေခြင်း ၁၁၄

၇၆။ အဓိပ္ပာယ်ရှိသော
ဆက်ဆံရေးကောင်းတစ်ခုကိုတည်ဆောက်ပါ ၁၁၅

၇၇။ ဆက်ဆံရေးကောင်းတည်ဆောက်ခြင်းအတွက်
မူဝါဒလမ်းစဉ် ချမှတ်ခြင်း ၁၁၅

၇၈။ ဆက်ဆံရေးဖျက်ဆီးမည့်သူများအား ထိန်းချုပ်ပါ ၁၁၅

၇၉။ စကားပြောဆိုဆက်ဆံရာ၌ လိမ်ညာ၊
ထိမ်ချန်ခြင်းမရှိစေဘဲ
ပွင့်လင်းစွာပြောဆိုဆက်ဆံပေးပါ ၁၁၆

၈၀။ အပြုသဘောဆောင်သော
ဆက်ဆံရေးတည်ဆောက်ပါ ၁၁၆


mgyoe.com

mgyoe.com

၈၁။ သင့်ပတ်ဝန်းကျင်တွင်ရှိနေသောလူများက
သင့်အောင်မြင်မှုကို ဆုံးဖြတ်ပေးသည် ၁၁၈
၈၂။ အောင်မြင်မှုဟူသောခရီးလမ်းကို လျှောက်လှမ်းနိုင်ဖို့
မှန်ကန်သောသူများအားရှာဖွေစုဆောင်းခြင်း ၁၂၀
၈၃။ နောက်လိုက်များကို ဆွဲဆောင်သော
ခေါင်းဆောင်များနှင့် ခေါင်းဆောင်များကို
ဆွဲဆောင်သော ခေါင်းဆောင်တို့အကြား
ထူးခြားချက်များ ၁၂၅
၈၄။ အောင်မြင်မှုကို မှားယွင်းစွာအဓိပ္ပာယ်ဖွင့်ဆိုခြင်း ၁၃၁

□

mgyoe.com

mgyoe.com

**သင်ဘယ်ကိုသွားနေတယ်ဆိုတာသိနေရင်**
**ခရီးလမ်းက ပိုမို အဓိပ္ပာယ်ရှိပြီး ပျော်ရွှင်ဖွယ်ကောင်းနေပါလိမ့်မယ်**

လွန်ခဲ့တဲ့နှစ်များစွာက ကျွန်တော်ဟာ အောင်မြင်မှုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာစွာနားလည်သဘောပေါက်နိုင်ဖို့ "အောင်မြင်ရေး မဂ္ဂဇင်း" စာအုပ်ကို လှန်လှောဖတ်ရှုခဲ့ပါတယ်။ အဲဒီမဂ္ဂဇင်းစာအုပ်က ကျွန်တော့်ကို အမှန်တကယ်စွဲဆောင်ခဲ့တယ်လို့ ကျွန်တော်ဝန်ခံလိုပါတယ်။ အကြောင်းကတော့ ကျွန်တော်ဟာ လူအများအောင်မြင်ရေးအတွက် ကူညီရခြင်းကို စိတ်ပါဝင်စားသူတစ်ယောက်ဖြစ်သလို အောင်မြင်မှုရတဲ့ သူတွေကိုရော၊ ၎င်းတို့အောင်မြင်အောင်ကူညီပေးတဲ့ သူတွေကိုပါ စိတ်ဝင်စားသူဖြစ်လို့ပါပဲ...။

ကျွန်တော့်ရဲ့ အတွေ့အကြုံနဲ့ လေ့လာချက်တွေအရ တွေ့ရှိရတဲ့ အချက်တစ်ချက်ကတော့ တစ်ခါတစ်ရံ လူအများစုဟာ အောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်ခဲနေတဲ့အချက်ပဲဖြစ်ပါတယ်။

အောင်မြင်မှုဆိုတဲ့အဓိပ္ပာယ်ကို သင်က ဘာမှန်းမသိခဲ့ရင် သင် ဘယ်တော့မှ အောင်မြင်မှုမရနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရင်း သင့်ကိုကူညီပေးလိုပါတယ်။ တကယ်

mgyoe.com

mgyoe.com


တော့ 'အောင်မြင်မှု' ဆိုတာ ခရီးတစ်ခုပါပဲ၊ ကျွန်တော့်ဘက်က သင့်ကို ဇာတ်လမ်းလေးတစ်ပုဒ်ပြောပြခြင်းနဲ့ ကူညီမှုကို စတင်လိုက်ပါရစေ။

လွန်ခဲ့တဲ့နှစ်များစွာက ကျွန်တော်ဟာ INJOY ကုမ္ပဏီရဲ့ ဝန်ထမ်းပေါင်း ၇၄ ဦး ရှေ့မှောက်မှာ မားမားမတ်မတ်ရပ်တည်ပေးတဲ့ ခေါင်း ဆောင်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ INJOY ကုမ္ပဏီကို ၁၉၈၅ ခုနှစ်မှာ စတင်တည်ထောင်ပြီး ခေါင်းဆောင်မှုပညာရပ်နဲ့ ကိုယ်ပိုင်အရည်အသွေး တိုးတက်ရေးပညာရပ်တွေကို ကုမ္ပဏီရဲ့ အဓိကဦးတည်ချက်အဖြစ် မျှော်မှန်းပြီး ဝန်ထမ်းအားလုံးကို သင်ကြားပို့ချလေ့ ကျင့်ပေးခဲ့ပါတယ်။ နောက်ပိုင်းကာလမှာ ကျွန်တော်တို့ကုမ္ပဏီကို အာဂျင်တီးနားနိုင်ငံ 'ဆန်တီရေးဂိုး' နဲ့ ကယ်လီဖိုးနီးယားတို့ကနေ အတ္တလန္တာ၊ ဂျော်ဂျီယာဒေသတွေဆီ ရွှေ့ပြောင်းခဲ့ပါတယ်။

ထိုအချိန်က ကျွန်တော့်ရဲ့သူငယ်ချင်း "ဒစ်ခ်ပီတာဆန်" က INJOY ရဲ့ ဥက္ကဋ္ဌတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော်နဲ့ ပီတာဆန်က ကုမ္ပဏီကို ၆ လကြာအထိနေရာရွှေ့ပြောင်းခြင်းနဲ့ ပတ်သက်ပြီး အကျေအလည်ဆွေးနွေးခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့ 'ဆန်ဒီရေးဂိုး' ကနေ ရွှေ့ပြောင်းရဖို့ အခြေအနေတွေ ဖြစ်လာမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။

ကျွန်တော်က 'အင်ဒီယာနာ' ကနေ 'ဆန်တီရေးဂိုး' ကို စပြောင်းလာတုန်းက ကျွန်တော့်ဇနီးသည် 'မာဂရက်' လည်း အတူလိုက်ပါလာခဲ့တာပေါ့။ ကျွန်တော်တို့ဇနီးမောင်နှံက ဆန်တီရေးဂိုးကို အိမ်အဖြစ် သတ်မှတ်ခဲ့တာပါ။

ဆန်တီရေးဂိုးဟာ ကျွန်တော့်သားသမီးတွေဖြစ်တဲ့ "အဲလစ်ဇဘက်" နဲ့ "ဂျိုရယ်ပိုတာ" တို့အတွက်လည်း ပျော်ရွှင်စရာအိမ်နေရာလေးဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


ဆန်တီရေးဂိုးဟာ လှပတဲ့မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုကလည်း သာယာလှပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီဝန်ထမ်းအများစုကလည်း ဆန်တီရေးဂိုးဇာတိတွေ ဖြစ်ပါတယ်။ ကုမ္ပဏီပြောင်းရွှေ့ဖို့ကိစ္စအတွက် ကျွန်တော်နဲ့ ဒစ်ခ်ပီတာဆန်တို့ ၁၅ မိနစ်လောက် ဆွေးနွေးဖြစ်ခဲ့တယ်။

**ခရီးသွားဖို့ အခြေအနေဖြစ်လာခြင်း**

ပြောင်းရွှေ့ခရီးသွားဖို့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ဝန်ထမ်းအဖွဲ့တွေဆီက ဘယ်လိုတုံ့ပြန်မှုတွေရှိလာမယ်ဆိုတာကို ကျွန်တော်တို့ အသေချာမပြောပြနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့အဖွဲ့တွေအားလုံးက ခရီးထွက်လိုစိတ်ရှိနေကြတယ်လေ။ တစ်ဖက်မှာလည်း စိုးရိမ်ပူပန်စိတ်တွေက အနည်းနဲ့အများရှိနေကြပြန်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အတွက် စဉ်းစားစရာတွေကိုတွေ့လိုက်ရတယ်။

အဲဒီစဉ်းစားစရာတွေဆိုတာကတော့ ကျွန်တော်တို့ ခရီးထွက်ဖို့ သင့်မသင့်ဆိုတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ အဲဒီအခြေအနေ ၄ ရပ်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ ကျွန်တော်တို့ ဆန်တီရေးဂိုးကိုစွန့်ခွာပြီး ဘယ်နေရာကို သွားမယ်ဆိုတဲ့ အခြေအနေအတွက် ကြိုတင်ဆွေးနွေးခြင်း

ကျွန်တော်ရယ်၊ ဒစ်ခ်ပီတာဆန်ရယ်၊ ကျွန်တော်တို့အဖွဲ့က ဝန်ထမ်းတွေရယ် အားလုံးစုပေါင်းပြီး အတ္တလန္တာမှာ ကုမ္ပဏီပြောင်းရွှေ့အလုပ်လုပ်မယ့် အစီအစဉ်နဲ့ ကုမ္ပဏီရဲ့အနာဂတ်ကာလမှာ ဖြစ်လာနိုင်တဲ့ အနေအထားတွေကို အပြန်အလှန် ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။

ဒီလိုဆွေးနွေးရတာဟာ ဝန်ထမ်းတွေရဲ့ ဝန်းကျင်သစ်မှာ ရှင်သန်ရပ်တည်နိုင်မှုနဲ့ ဘဝတစ်သက်တာ တိုးတက်မှုရှိရေးကိစ္စ၊ ကုမ္ပဏီ

mgyoe.com

mgyoe.com


လုပ်ငန်းအတွက် ပတ်ဝန်းကျင်ကောင်းရရှိရေးကိစ္စ၊ ရေရှည်ကာလမှာ ကုမ္ပဏီအတွက် တိုးတက်မှုရရှိရေးကိစ္စတွေ အဆင်ပြေချောမွေ့နိုင်ခြင်း ရှိမရှိ ကြိုတင်သိမြင် ပြင်ဆင်ထားနိုင်ဖို့ဖြစ်ပါတယ်။ ကုမ္ပဏီဝန်ထမ်း တစ်ဦးချင်းစီအလိုက် တိုးတက်မှုရှိမှသာလျှင် ကျွန်တော်တို့ကုမ္ပဏီရဲ့ တိုးတက်ရေးကို မျှော်လင့်ချက်ထားနိုင်မှာပါ။

၂။ မေးခွန်းများကို ဖြေဆိုခြင်း

ခရီးထွက်မယ့်ကိစ္စတစ်ခုကို စဉ်းစားလိုက်တဲ့အခါ ဘေးကင်းလုံခြုံမှုရှိမရှိ၊ တစ်စုံတစ်ရာ ထိခိုက်နိုင်ချေရှိမရှိနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်စရာတွေ အများကြီးရှိလာပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေ အသိချင်ဆုံးသော ကိစ္စတစ်ခုကတော့ ဘယ်နေရာ၊ ဘယ်ဒေသမှာ ကုမ္ပဏီရုံးစိုက်မယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါတင်မက နောက်ထပ်သိလိုတဲ့ ကိစ္စတွေ များစွာရှိနေပါတယ်။ အဲဒါတွေကတော့ ဝန်ထမ်းမိသားစုက သားသမီးတွေ ပညာသင်ကြားနိုင်ဖို့ အတွက်လက်ရှိရဲ့ ကျောင်းတွေကဘယ်မှာရှိမယ်၊ အိမ်ခြံမြေဈေးကွက်တွေက ဘယ်လောက်ထိ တန်ဖိုးကြီးမယ်၊ ထိုဒေသရဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေက ဘယ်သို့ရှိမယ်၊ အခွန်အတုတ်ဥပဒေတွေက ဘယ်လိုထုတ်ပြန်ထားမယ်ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ဒစ်ခ်ပီတာဆန်တို့က ဝန်ထမ်းတွေဘက်က မေးလာနိုင်မယ့် မေးခွန်းတွေအတွက် အကောင်းဆုံးတုံ့ပြန်ဖြေကြားနိုင်ဖို့ ကြိုတင်ပြင်ဆင်ခဲ့ရပါတယ်။

၃။ အတွေ့အကြုံကောင်းနှင့်အောင်မြင်မှုရရှိပြီးသူများ ဟုတ် မဟုတ်စိစစ်ခြင်း

အသင်းအဖွဲ့တစ်ခုအနေနဲ့ INJOY ဟာ အောင်မြင်မှုတွေနဲ့ ကြုံတွေ့ရယူနိုင်ခဲ့သလို တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့ အစွမ်းအစတွေ

mgyoe.com

mgyoe.com


ကိုလည်း ပြသနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ ထိပ်တန်းအရာရှိတွေနဲ့ ဝန်ထမ်းတွေအားလုံးဟာ ကုမ္ပဏီရဲ့ အောင်မြင်မှုအတွက် အဓိကတာဝန်ရှိသူတွေဖြစ်ပါတယ်။ ဒီအခါ အောင်မြင်မှုရသည့်အခါဖြစ်စေ၊ ကျရှုံးခြင်းနှင့် ရင်ဆိုင်ရသည်ဖြစ်စေ အားလုံးမျှဝေခံစားရမှာဖြစ်ပါတယ်။

နောက်ပြီး ရည်ရွယ်ချက်တူသူများဖြစ်တာကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီမှုတွေလည်း ရှိနေကြပါတယ်။

၄။ ရေရှည်တူညီသူများမဟုတ်ဘဲ ထူးခြားလိုစိတ်ရှိကြခြင်း

ကျွန်တော်တို့တစ်ဖွဲ့လုံးခရီးထွက်ဖို့ တရားဝင်ကြေညာချက်မထုတ်ခင် သီတင်းပတ် ၂ ပတ်လောက်က ကျွန်တော့်ရဲ့ဝန်ထမ်းတစ်ဦးပြောတဲ့စကားကို ပြန်လည်မှတ်မိပါသေးတယ်။ ‘ကျွန်တော်က INJOY အတွက်အလုပ်လုပ်ပေးရတာကို ပျော်ရွှင်ကျေနပ်တယ်။ အခြားလူတွေကိုလည်း ကူညီချင်တယ်။ အခုတော့ ဘယ်နေရာမှာသွားပြီးဘယ်လိုအလုပ်တွေလုပ်ရမယ်ဆိုတာကိုတော့ တွေးကြည့်လို့မရသေးပါဘူး’

ကျွန်တော်စဉ်းစားမိသလောက်ကတော့ ဘယ်သူမဆို အတ္တလန်တာကိုသွားပြီး အလုပ်မလုပ်ချင်ပေမဲ့လည်း အားလုံးက ခရီးတော့ ထွက်ရမှာပါ။ ခရီးထွက်ဖို့အတွက် မဖြစ်မနေ ပြင်ဆင်ထားဖို့လိုပါတယ်။ အတိအကျပြောရရင် အောင်မြင်မှုဆီကိုသွားတဲ့ခရီးပါပဲ။ ဒီတော့ သင်တို့ဘယ်ခရီးကိုသွားသွား၊ ဘာလုပ်တာပဲဖြစ်ဖြစ် အောင်မြင်မှုရရှိအောင်လုပ်ရမှာကတော့ သေချာပါတယ်။

အောင်မြင်မှုကိုရယူဖို့ ကြိုးစားရာမှာလည်း အောင်မြင်မှုက ဘာနဲ့တူသလဲ ?...ဆိုတဲ့ မေးခွန်းကို သေချာစွာဖြေဆိုနိုင်ဖို့လိုပါတယ်။

mgyoe.com

mgyoe.com

အောင်မြင်မှုကိုပုံဖော်ခြင်း (အောင်မြင်မှုကိုမှန်ကန်သောနည်း လမ်းများဖြင့် လက်တွေ့ပုံဖော်ကြသူများ)

အောင်မြင်မှုရယူလိုတဲ့လူအများအတွက် အဓိကဖြစ်တတ်တဲ့ ပြဿနာကတော့ အောင်မြင်တိုးတက်အောင်မလုပ်နိုင်တဲ့ ပြဿနာ မဟုတ်တဲ့ အောင်မြင်မှုဆိုတဲ့အနက်အဓိပ္ပာယ်ကို နားလည်မှုလွဲခြင်းသာ ဖြစ်ပါတယ်။

အောင်မြင်မှုအပေါ် နားလည်မှုလွဲခြင်းဟာ အောင်မြင်မှုရရှိရေး အတွက် ကြိုးစားအားထုတ်မှုမှန်သမျှကို အခက်အခဲအတားအဆီးဖြစ်စေပါတယ်။ အောင်မြင်မှုဆိုတာဘာလဲ? အောင်မြင်မှုကဘာနဲ့တူလဲ? ဆိုတဲ့မေးခွန်းကို ပုံဖော်ပြီးဖြေဆိုရရင် အောင်မြင်နေတဲ့သူတွေရဲ့အမည်နဲ့ ၎င်းတို့ရဲ့ ပင်ကိုစွမ်းဆောင်ရည်ကောင်းတွေကို ကွဲဖက်ပြီး ဖြေဆိုရမှာဖြစ်ပါတယ်။

ဥပမာ – မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ဆော့ဝဲသူဌေးကြီး ဘီလ်ဂိတ်၏ ချမ်းသာကြွယ်ဝမှု

- အာနိုးရှဝါဇနီနက်ဂါ၏ ကိုယ်လုံးကိုယ်ပေါက်လှပမှု (သို့မဟုတ်) စင်ဒီကရောဖို့ဒ်၏ ကိုယ်လုံးကိုယ်ပေါက်လှပမှု
- အဲလ်ဘတ်အိုင်းစတိုင်း၏ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု
- မိုက်ကယ်ဂျော်ဒန်၏ ပြောင်မြောက်သောအားကစားထူးချွန်မှု
- အဲယ်ပဲကုမ္ပဏီကို တည်ထောင်သူ စတိဗ်ဂျော့၏ ဖန်တီးနိုင်စွမ်း မြင့်မားမှု
- ဂျက်ကီကနေဒီ ၏လှူ့ အသိုင်းအဝန်း အမျိုးမျိုး၌ ဝင်ဆံ့နိုင်မှု
- ဝေါ့ဒ်ဒစ္စနေး၏ ထူးခြားပြောင်မြောက်သော စိတ်ကူးစိတ်သန်းရှိမှု
- မာသာထရီဆာ၏ သန့်စင်မွန်မြတ် နူးညံ့သော နှလုံးသား

လူတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်သောအရည်အသွေးများ တစ်ဦးနှင့်တစ်ဦး မတူညီသကဲ့သို့ လူတစ်ဦးချင်းစီ၏ အောင်မြင်မှုတွေကလည်း

mgyoe.com

ကွဲပြားနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်မှုဆိုတာဘာလဲ? အောင်မြင်မှုက ဘာနဲ့တူသလဲ? ဆိုတဲ့ မေးခွန်းတွေကို တစ်ဦးချင်း တစ်ယောက်ချင်းစီရဲ့ စွမ်းဆောင်မှု၊ အောင်မြင်မှုတွေအပေါ်သာ အဓိက မူတည်ပြီး ကွဲပြားတဲ့အဖြေတွေပေးနိုင်ပါလိမ့်မယ်။

**အောင်မြင်မှုကို မှားယွင်းစွာပုံဖော်ခြင်း**

အောင်မြင်မှုကို မှားယွင်းစွာ အဓိပ္ပာယ်ကောက်သူများ (သို့) အောင်မြင်မှုကို မှားယွင်းစွာ နားလည်ထားသူတွေဟာ အောင်မြင်မှုနဲ့ ပတ်သက်ပြီး အမြဲတစေလွဲမှားတဲ့ အယူအဆတွေ ရှိနေတတ်ပါတယ်။

**လွဲမှားသောအယူအဆများ**

(မှားယွင်းသောအခြေအနေသို့ဆိုက်ရောက်စေသည့် လွဲမှားသောအယူအဆတစ်ခုချင်းစီကို ခွဲခြားပြီးဖော်ပြပေးပါမည်)

ချမ်းသာကြွယ်ဝခြင်း – အောင်မြင်မှုကို မှားယွင်းစွာပုံဖော်တဲ့သူတွေရဲ့ လွဲမှားတဲ့အယူအဆတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အယူအဆကတော့ ငွေကြေးနဲ့ ဥစ္စာပစ္စည်းတွေကြွယ်ဝချမ်းသာခြင်းကို အောင်မြင်မှုအဖြစ် သတ်မှတ်ကြခြင်းပဲ ဖြစ်ပါတယ်။

လူအများစုအနေနဲ့ ငွေကြေးမြောက်မြားစွာရရှိပြီး တဖြည်းဖြည်း ချမ်းသာလာခြင်းကို အောင်မြင်မှုရရှိတဲ့သဘော သတ်မှတ်ကြသော်လည်း လက်တွေ့အားဖြင့် ငြိမ်းချမ်းပျော်ရွှင်ပြီး စိတ်ကျေနပ်မှုရစေတဲ့ အောင်မြင်မှုမျိုးကိုတော့ မရရှိတာ တွေ့ရပါတယ်။

စက်မှုလုပ်ငန်းရှင်တစ်ဦးအဖြစ် ချမ်းသာကြွယ်ဝလွန်းလှတဲ့ 'ဂျွန်ဒီ ရော့ခ်ဖဲလား' ဟာ သူ့ဘဝတစ်သက်တာအတွင်း ဒေါ်လာငွေ သန်း ၃၅၀ ကျော်ကျော်ကို အလဟဿသုံးစွဲခဲ့သူ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အခုလိုငွေကြေးမြောက်မြားစွာ ရှာဖွေနိုင်ခြင်းအပေါ် စိတ်ကျေနပ်မှု ဘယ်လောက်ထိ ရရှိသလဲလို့ 'ရော့ခ်ဖဲလား' ကို မေးတဲ့အခါ သူက အခုလို ပြန်ဖြေပါတယ်။

**'ငွေကြေးမြောက်မြားစွာရှာနိုင်ပြီး သူဌေးဖြစ်တာကို နည်းနည်းတော့ကျေနပ်ပါတယ်။ ဒါပေမဲ့ပြီးပြည့်စုံတဲ့အောင်မြင်မှု တစ်ခုလိုမျိုးတော့ မခံစားရပါဘူး'**

ထို့အတူရှေးခေတ် အစ္စရေးနိုင်ငံရဲ့ ဘုရင်ကြီးဆော်လမွန်ဟာ ဉာဏ် ပညာထက်မြက်ပြီး ပညာရှိသလောက် ငွေကြေး၊ ဉစ္စာ၊ စည်းစိမ်တွေကလည်း သူမတူအောင် ချမ်းသာကြွယ်ဝသူဖြစ်ပါတယ်။

ဆော်လမွန်ဘုရင်ကြီးက အခုလို အခိုင်အမာပြောဆိုခဲ့တဲ့စကားရှိပါတယ်။

**'လောကမှာ ငွေကိုချစ်တဲ့သူ၊ ငွေမက်တဲ့သူတွေဟာ ဘယ်တော့မှ ငွေကြေးလုံလောက်မှုမရှိကြဘူး။ ချမ်းသာကြွယ်ဝခြင်းကို မက်မော တောင့်တကြတဲ့လူတွေကလည်း သူတို့ရဲ့ဝင်ငွေအပေါ် ဘယ်တော့မှစိတ်တိုင်းကျမှာမဟုတ်ဘူး'**

၁၉၂၃ ခုနှစ်က ကမ္ဘာ့ချမ်းသာအကြွယ်ဝဆုံးသောသူများပါဝင်တဲ့ အုပ်စုငယ်တစ်ခုဟာ ချီကာဂို–အီလီနွိုက်စ်မှာရှိတဲ့ "အက်ဂျ်ဝါးတားဘိချ် ဟိုတယ်" မှာ တွေ့ဆုံမှုတစ်ခုလုပ်ခဲ့ပါတယ်။ သူတို့အုပ်စုထဲက သူဌေးတစ်ဦးစီရဲ့ ဆန္ဒက အုပ်စုထဲမှာ ဘယ်သူက အချမ်းသာအကြွယ်ဝဆုံးနဲ့ ဩဇာအာဏာအရှိဆုံးလဲဆိုတာကို သိချင်နေကြပါတယ်။ သူတို့အုပ်စုထဲက သူဌေးအချို့ကတော့ အောင်မြင်မှုကို မှားယွင်းစွာ အကောင်အထည်ဖော်သူတွေပီပီ အမှားတွေကို ကျူးလွန်ရင်း အောက်ပါအတိုင်း ဘဝဇာတ်သိမ်းခဲ့ကြပါတယ်။

mgyoe.com

- ချားလ်စ်ရှာဝပ် – အင်ဒီပန်းဒန်စတီးကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ (ဆင်းရဲမွဲတေစွာဖြင့် ကွယ်လွန်ခဲ့ရသည်)
- အာသာကတ်တန် – ဈေးနှုန်းအတက်အကျနှင့် အမြတ်အစွန်းရရန် ရောင်းဝယ်တတ်သည့်ဂျုံလုပ်ငန်းရှင် (ဆင်းရဲမွဲတေပြီးကြွေးမြီမဆပ်နိုင်သောဘဝဖြင့် ကွယ်လွန်ခဲ့ရသည်)
- ရစ်ချတ်ဗှစ်တနီ – နယူးယော့ခ်စတော့အိပ်ချိန်း၏ဥက္ကဋ္ဌ (ဆင်းဂ်ဆင်းဂ် အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့ပြီး နောက်ပိုင်း–မကြာခင်မှာပဲကွယ်လွန်ခဲ့ရသည်)
- အဲလ်ဘတ်ဖော်လ် – အမေရိကန်သမ္မတ၏ ကက်ဗိနက်ဝန်ကြီးအဖွဲ့ဝင် (ထောင်ကျနေစဉ်ကာလအတွင်း သူနေထိုင်ရာအိမ်၌ပင် ခေါင်းချလိုကြောင်း ခွင့်တောင်းခဲ့သည်)
- လက်စ်လီဗာမိုး – Wall Street၌ အထင်ရှားဆုံးပုဂ္ဂိုလ်၊ ရှယ်ယာများကို ဈေးပေါပေါဖြင့် ဝယ်ယူပြီး ဈေးကောင်းရသည့်အချိန်၌ ပြန်လည်ရောင်းချ စီးပွားရှာသူ (သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်)
- လီယွန်ဖရေဆာ – အပြည်ပြည်ဆိုင်ရာအခြေချနေထိုင်သူများဘဏ်၏ဥက္ကဋ္ဌ

mgyoe.com

mgyoe.com


(ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်)

–အိုင်ဗာကရီယူဂါ – ကုန်သွယ်ခွင့်အား တစ်ဦးချင်း ချုပ်ကိုင်ခွင့်ရရှိသူ

(မိမိကိုယ်မိမိအဆုံးစီရင်ပြီး ဘဝဇာတ်သိမ်းခဲ့သည်)

ဂရိသန်းကြွယ်သူဌေး "အရစ္စတိုတယ်အိုနာစစ်" ဟာ သူရှာဖွေစုဆောင်းခဲ့တဲ့ စီးပွားဥစ္စာတွေကို ထိန်းသိမ်းရင်းအသက်အရွယ်ကြီးရင့်တဲ့အခါမှသာ ကွယ်လွန်ခဲ့ပါတယ်။ အိုနာစစ်က သူရှာခဲ့တဲ့ ပိုက်ဆံတွေအပေါ် အောင်မြင်မှုလို့ မသတ်မှတ်ခဲ့ပါဘူး။ အိုနာစစ်ပြောခဲ့တဲ့စကားကတော့ **'ခင်ဗျားရည်မှန်းသတ်မှတ်ထားတဲ့ အခြေအနေ/အမှတ်တစ်ခုကိုရောက်ရှိသွားပြီးရင် ပိုက်ဆံဆိုတာက ဘာမှအရေးမပါတော့ဘူး'...** ဆိုတဲ့ စကားပဲဖြစ်ပါတယ်။

## အထူးအထွေခံစားခြင်း

အောင်မြင်မှုကို မှားယွင်းစွာပုံဖော်စေတဲ့ မှားယွင်းတဲ့အယူအဆတစ်ခုကတော့ အထူးအထွေခံစားခြင်းပဲ ဖြစ်ပါတယ်။

တကယ်တော့ အောင်မြင်မှုအရသာကို ခံစားခြင်းဟာ ချမ်းသာကြွယ်ဝဖို့ ကြိုးစားရခြင်းထက် ပိုမိုခက်ခဲမှုရှိပါတယ်။

လူအများစုက ပျော်ရွှင်မှုကို အဆက်မပြတ်ရှာဖွေရတဲ့ အဓိကအကြောင်းအရင်းကတော့ စိတ်မချမ်းမြေ့စရာတွေ ရှိနေတဲ့သဘောကို ဖော်ပြပါတယ်။

စိတ်အခြေအနေ အပြောင်းအလဲတစ်ခုဖြစ်တိုင်း အောင်မြင်မှုနဲ့ ကျရှုံးမှုတစ်ခုခုကတော့ သေချာနေတတ်ပါတယ်။

ဘာမှသေချာရေရာမှုမရှိတဲ့ လောကကြီးထဲမှာ လူတွေရဲ့ စိတ်

mgyoe.com

mgyoe.com


ခံစားမှုတွေအသီးသီးကလည်း တည်ငြိမ်အေးဆေးမှု မရှိနိုင်ပါဘူး။ နောက်ထပ်သိထားသင့်တာကတော့ ပျော်ရွှင်ချမ်းမြေ့နိုင်ခြင်း (သို့) ပျော်ရွှင်ချမ်းမြေ့မှုကိုရှာနိုင်ခြင်းဟာ အောင်မြင်မှုကို တိုင်းတာနိုင်တဲ့ အခြေအနေမဟုတ်တာကို နားလည်ထားနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်မှုဟာ ဘဝတစ်သက်တာအတွင်း ကောင်းမွန်ထင်ရှားတဲ့ မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခြင်းသာဖြစ်ပြီး ပျော်ရွှင်မှုတစ်ရပ်ရဲ့ အနက်အဓိပ္ပာယ်ကို မဆောင်ပါဘူး။ ပျော်ရွှင်မှုဆိုတာက အောင်မြင်မှုမရလည်းဘဲ ရှိနိုင်တာကြောင့် အောင်မြင်မှုကို ပျော်ရွှင်မှုဆိုတဲ့ အဓိပ္ပာယ်နဲ့ မခံစားဘဲ ဘဝရဲ့ အောင်မြင်မှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို သတ်သတ်စီရှာဖွေခံစားခြင်းကသာ ဘဝတစ်ခုရဲ့အနှစ်သာရကို ပိုမိုပေါ်လွင်ထင်ရှားစေမှာ ဖြစ်ပါတယ်။

**အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံရကျိုးနပ်ခြင်းဖြင့် အောင်မြင်မှုရနိုင်သည်ဟု မှားယွင်းစွာယူဆခြင်း**

သင့်ရဲ့ကလေးဘဝက အကြောင်းအရာတွေကို ပြန်ပြောင်းစဉ်းစားကြည့်မယ်ဆိုရင် ထိုစဉ်က လိုချင်၊ ရချင်တာတွေနဲ့ပတ်သက်ပြီး အချိန်တွေ၊ အခွင့်အရေးတွေများစွာရှိခဲ့တာကို တွေ့ရပါလိမ့်မယ်။

သင်လိုချင်တဲ့ပစ္စည်းတစ်ခုကိုရခဲ့ရင် ကလေးတစ်ယောက်ရဲ့တွေးခေါ်ပုံအရ သင့်ဘဝဟာ ထူးထူးခြားခြားပြောင်းလဲသွားတော့မယ်လို့ ထင်မိခဲ့ပါလိမ့်မယ်။ စာရေးသူဖြစ်တဲ့ ကျွန်တော်ကတော့ စက်ဘီးလိုချင်တဲ့စိတ်ပြင်းပြခဲ့ပါတယ်။ တစ်ခုသော ခရစ္စမတ်ပွဲတော်ကာလရဲ့ တစ်မနက်မှာ ကျွန်တော်က သစ်ပင်တစ်ပင်အောက်ကို စက်ဘီးစီးပြီးရောက်ခဲ့တယ်။ စက်ဘီးပေါ်ကဆင်းပြီး အပင်အောက်မှာ ခဏလောက်ဝင်ထိုင်ပြီး စက်ဘီးပတ်စီးရင်ကောင်းမလားလို့ စဉ်းစားမိလိုက်တယ်။

ကျွန်တော်ရဲ့ စက်ဘီးကို အသေအချာကြည့်လိုက်တော့ စက်ဘီးမှာပါဝင်တဲ့ ပစ္စည်းအစိတ်အပိုင်းတွေအားလုံးက အရမ်းကောင်းနေတာ

mgyoe.com

mgyoe.com


ကို တွေ့ရတယ်။ စက်ဘီးမှာတပ်ဆင်ထားတဲ့ ရွှံ့ကာတွေ၊ အချက်ပေး ခေါင်းလောင်း (ဘဲလ်) နဲ့ မီးသီးတွေ၊ ခရုန်းတွေအားလုံးက အကောင်း စားတွေဖြစ်နေတာ တွေ့ရပါတယ်။ ကျွန်တော် ဒီစက်ဘီးကို နှစ်သက် တယ်။ ဒါကြောင့်လည်း လိုချင်ခဲ့မိတယ်။ လိုချင်ခဲ့လို့လည်း အခုလက် ဝယ်ပိုင်ဆိုင်နေပြီပဲ... လို့ ကျွန်တော့်ကိုယ်ကျွန်တော် တစ်ယောက်တည်း ရေရွတ်ပြောဆိုနေမိတယ်။ ကျွန်တော်သိပ်ကြိုက်တဲ့ ဒီစက်ဘီးလေးကို ရရင် ပျော်မယ်လို့ထင်ခဲ့တဲ့ ကျွန်တော်ဟာ အခုတော့ ထင်သလောက် မပျော်ဘူးဖြစ်နေတာကို သတိထားမိပါတယ်။ ကျွန်တော်က ကျောင်းရဲ့ ဘတ်စကက်ဘောအသင်းမှာ ပါဝင်ခဲ့တယ်။ ကောလိပ်ရောက်တော့ ကျောင်းသားအဖွဲ့ အကြီးအကဲဖြစ်လာတယ်။

ကျွန်တော့်ဘဝအဆင့်အတန်းက နှစ်ကာလအပိုင်းအခြားအလိုက် တိုးတက်ပြောင်းလဲလာခဲ့ပေမဲ့ စိတ်တိုင်းကျတဲ့ အောင်မြင်မှုတစ်ခုတော့ မရခဲ့ပါဘူး။ သို့သော်လည်း အချိန်ကုန်လူပန်း ငွေကုန်ခံရကျိုးနပ်အောင် ကြိုးစားနိုင်ခဲ့သလောက် အကျိုးရှိတဲ့အခြေအနေတွေကိုတော့ ပိုင်ဆိုင်နိုင် ခဲ့ပါတယ်။

အချိန်ကုန်လူပန်းငွေကုန်ခံနိုင်တိုင်း အောင်မြင်မှုရမယ်လို့ မျှော်လင့် တဲ့သူတွေဟာ မှားယွင်းတဲ့အယူအဆရှိသူတွေဖြစ်ပြီး မှားယွင်းတဲ့ပုံစံ နဲ့ပဲ အောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုကြမှာ ဖြစ်ပါတယ်။

### ဩဇာအာဏာရှိခြင်းဖြင့် အောင်မြင်မှုရယူနိုင်သည်ဟု မှားယွင်းစွာယူဆခြင်း

ဩဇာအာဏာကြီးမားလိုသောအခါ အာဏာရှင်ဖြစ်မှန်းမသိဖြစ် သွားတတ်ပြီး ရရှိထားတဲ့အကြွင်းမဲ့အာဏာကြောင့် အပျက်အစီးနှင့် ထိခိုက်ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။

ဩဇာအာဏာသက်ရောက်မှုက အပြုသဘောဆောင်သည့်

mgyoe.com

mgyoe.com


ဖြစ်စေ၊ အပျက်သဘောဆောင်သည်ဖြစ်စေ ဘေးကင်းလုံခြုံမေခြင်းနှင့် အောင်မြင်မှုရစေခြင်းသဘောကို လုံးဝအကျိုးသက်ရောက်မှု မရှိပါဘူး။

တကယ်တော့ စစ်မှန်တဲ့အောင်မြင်မှုကို ဩဇာရှိန်ဝါနဲ့ရယူနိုင်ခြင်း မရှိတာကြောင့် ဩဇာအရှိန်အဝါနဲ့ အောင်မြင်မှုရယူနိုင်တယ်ဆိုတာက မှားယွင်းတဲ့အယူအဆသာဖြစ်ပါတယ်။

## တိုးတက်မှုရှိခြင်းကိုအောင်မြင်မှုအဖြစ် မှားယွင်းစွာ ယူဆခြင်း

လူအများစုအနေနဲ့ အောင်မြင်တိုးတက်မှုကို ရချင်တဲ့အခါ မှန်ကန်တဲ့လူတွေနဲ့ ပြောဆိုဆက်ဆံခြင်း၊ ရာထူးအရှိန်အဝါတိုးတက်အောင် ကြိုးစားခြင်း၊ ရည်မှန်းချက်ချမှတ်ဆောင်ရွက်ခြင်းတို့ကို အထူးတလည် ထည့်သွင်းစဉ်းစားတတ်ကြပါတယ်။

ကမ္ဘာကျော်ကစားသမား မိုက်ကယ်ဂျော်ဒန်ဟာ ၁၉၉၃ ခုနှစ်မှာ ဘတ်စကက်ဘောကစားသမားဘဝကနေ အနားယူဖို့ဆုံးဖြတ်လိုတဲ့ အကြောင်း၊ ဒီလိုအနားယူရခြင်းရဲ့အကြောင်းကတော့ သူ့ဘဝတိုးတက်မှု တွေအတွက် အပြီးတိုင် အကောင်ထည်ဖော်စရာတွေရှိတဲ့အကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ တကယ်တော့ မိုက်ကယ်ဂျော်ဒန်ဟာ ဘဝ တိုးတက်မှုနဲ့အောင်မြင်မှုကို တစ်ခါတည်း ပူးတွဲရရှိထားသူဖြစ်ပါတယ်။

သို့သော်လည်း သူဟာအောင်မြင်နေတဲ့ ဘတ်စကက်ဘောကစား သမားဘဝနဲ့ ကျေနပ်မှုမရှိသေးဘဲ ဘဝတိုးတက်မှုကို ထပ်မံအလိုရှိနေ တာကြောင့် ဘဝတိုးတက်မှုကို အောင်မြင်မှုအဖြစ် ရယူနိုင်ဖို့မှားယွင်းစွာ ယုံကြည်ခဲ့သူဖြစ်ပါတယ်။

## အောင်မြင်မှုကို မှန်ကန်စွာပုံဖော်ခြင်း

အောင်မြင်မှုဆိုတဲ့ခရီးကို သင်ဘယ်လိုစတင်မလဲ?

mgyoe.com

mgyoe.com


အောင်မြင်မှုဆိုတဲ့ခရီးကို အဆုံးသတ်ရောက်ရှိဖို့ အချိန်ဘယ်လောက်ကြာမလဲ?

အထက်ပါမေးခွန်းတွေကိုဖြေဆိုနိုင်ဖို့အတွက် အချက် ၂ ချက်လိုပါတယ်။ အဲဒါတွေကတော့ အောင်မြင်မှုကိုမှန်ကန်စွာ ပုံဖော်ခြင်းနှင့် အောင်မြင်မှုဆိုတဲ့ခရီးဆီ ရောက်ရှိသွားနိုင်ဖို့ မှန်ကန်တဲ့ သဘောတရားတွေလိုအပ်ပါတယ်။

အောင်မြင်တဲ့လူတွေအပေါ် ၂၅ နှစ်ကြာ လေ့လာသုတေသနပြုလုပ်ပြီးတဲ့နောက်ပိုင်း ကျွန်တော်ဟာ အောင်မြင်မှုဆိုတဲ့စကားအဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုခဲ့ပါတယ်။

**အောင်မြင်မှုဆိုတာ...**

၁။ ✱ 'ဘဝတစ်သက်တာအတွင်း သင့်ရည်မှန်းချက်ကို သင်ကိုယ်တိုင်သိရှိခြင်း'

၂။ ✱ 'ဖြစ်နိုင်ချေအမြင့်မားဆုံးသော နေရာအထိ ရောက်ရှိအောင်ကြိုးစားခြင်း'

၃။ ✱ 'အခြားသူများအတွက် ကောင်းစေ၊ အကျိုးရှိစေရန် မျိုးစေ့ချပေးခြင်း'

**... လို့ဆိုလိုပါတယ်။**

သင်က အောင်မြင်မှုကို ခရီးတစ်ခုအဖြစ် ရှုမြင်တယ်ဆိုရင်... အောင်မြင်မှုကို ခရီးပန်းတိုင်အဖြစ် သတ်မှတ်ယုံကြည်ထားခြင်းကို ချေဖျက်နိုင်ပါလိမ့်မယ်။ သင့်အနေနဲ့ *ဘဝတစ်သက်တာအတွင်း သင့်ရည်မှန်းချက်ကို ကိုယ်တိုင်သိရှိခြင်း၊ ဖြစ်နိုင်ချေအမြင့်မားဆုံးသော နေရာအထိရောက်ရှိအောင် ကြိုးစားခြင်း၊ အခြားသူများအတွက် ကောင်းစေ၊ အကျိုးရှိစေဖို့ မျိုးစေ့ကောင်းတွေချပေးခြင်း...* တွေကို အကောင်းဆုံးလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အောင်မြင်မှုကို လက်ဝယ်ပိုင်ဆိုင်ပြီး ကောင်းမွန်စွာ ထိန်းချုပ်ထားနိုင်ဖို့ အထက်ဖော်ပြပါအချက် ၃ ချက်ရဲ့ တစ်ချက်ချင်းစီကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြပေးလိုပါတယ်။

(၁) ဘဝတစ်သက်တာအတွင်း သင့်ရည်မှန်းချက်ကို သင်ကိုယ်တိုင်သိရှိခြင်း

သင်ကိုယ်တိုင်သိရှိထားပြီးဖြစ်တဲ့ သင့်ရည်မှန်းချက်ကို အခြားဘယ်သူကမှ အစားထိုးလို့မရနိုင်သလို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးဖို့လည်း မဖြစ်နိုင်ပါဘူး။ 'ကိုင်ဇာအလူမီနီယမ်' ကုမ္ပဏီကို တည်ထောင်သူလည်းဖြစ်၊ ကိုင်ဇာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို တည်ထောင်သူလည်းဖြစ်တဲ့ စက်မှုလုပ်ငန်းရှင် မီလျံနာဖြစ်သူ 'ဟင်နရီ ဂျေကိုင်ဇာ' က အခုလိုပြောခဲ့ဖူးပါတယ်။

'သင့်ဘဝတစ်သက်တာအတွက် ရည်မှန်းချက်တစ်ခုခုကို ချမှတ်နိုင်ခြင်းမရှိခဲ့ရင် သင့်ဘဝတိုးတက်အောင်မြင်ရေးဆိုတဲ့ ကိစ္စလည်း မရှိနိုင်ပါဘူး။ ထို့အတူ သင့်မှာ ရည်မှန်းချက်ပျောက်နေတာကြောင့် ဘဝတစ်သက်တာအချိန်တွေကို အမှားတွေ လုပ်ရင်းနဲ့ပဲ ကုန်ဆုံးသွားစေတတ်ပါတယ်'

"ဟင်နရီဂျေကိုင်ဇာ" ရဲ့စကားက သဘာဝကျပြီး မှန်ကန်မှုရှိပါတယ်။ ဘယ်သူမဆို ရည်မှန်းချက်တစ်ခုခုရှိမှသာ ကြိုးစားအားထုတ်လိုစိတ်၊ ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်လိုစိတ်တွေနဲ့ ဘဝတစ်သက်တာအချိန်တွေကို အကျိုးရှိရှိဖြတ်သန်းလိုစိတ် ရှိကြပါလိမ့်မယ်။ ကျွန်တော်ယုံကြည်ထားတာတစ်ခုကတော့ ဘုရားသခင်ဟာ လူတိုင်းအတွက် ရည်မှန်းချက်တစ်ခုစီကို ဖန်ဆင်းပေးထားပြီးပြီဆိုတာပါပဲ။

စိတ်ပညာရှင် "ဗစ်ခ်တာ ဖရန့်ခ်" ရဲ့ အဆိုတစ်ခုကတော့ 'လူတိုင်း

mgyoe.com

mgyoe.com


မှာ ဘဝတစ်သက်တာခရီးအတွက် မိမိတို့နဲ့သင့်တင့်လျောက်ပတ်တဲ့ ဘဝနေထိုင်မှုတစ်ခုစီရှိပြီးဖြစ်တယ်။ ထို့အတူ လူတစ်ဦးချင်းစီမှာ ကိုယ်ပိုင်အခွင့်အရေး၊ ရပိုင်ခွင့်တွေ၊ ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခွင့်တွေရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့တာဝန်က ဘဝမှာ အောင်မြင်မှုရရှိအောင် ကြိုးစားရှင်သန်ရုန်းကန်ရင်း စစ်မှန်ကြီးမားတဲ့ အောင်မြင်မှုကို ရယူနိုင်ဖို့သာ ဖြစ်ပါတယ်။

သင့်ဘဝရည်မှန်းချက်ကိုအကောင်အထည်ဖော်ဖို့ ရွေးချယ်မှုတွေလုပ်ရာမှာ အောက်ပါမေးခွန်းတွေက များစွာအထောက်အကူပြုနေတာကို တွေ့ရှိရပါမယ်။

ဘာအတွက် ကျွန်ုပ်ရှာဖွေခြင်းတွေလုပ်ရသနည်း

ကျွန်ုပ်တို့ တစ်ဦးချင်းစီမှာ နှလုံးသားထဲ တိမ်မြုပ်ပုန်းကွယ်နေတဲ့ ပြင်းပြတဲ့ဆန္ဒတွေ ကိုယ်စီရှိနေကြပါတယ်။

လူအချို့က သူတို့သားသမီးတွေရလာရင် ဘာတွေလုပ်မယ်ဆိုတာအတွက် ပြင်းပြတဲ့ဆန္ဒတွေ ရှိနေတတ်ပါတယ်။

လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်စိတ်ဆန္ဒတွေကြောင့် အောင်မြင်ခြင်းနဲ့ ပျော်ရွှင်ခြင်းတွေ ရရှိဖို့အတွက် ကြိုးစားရှာဖွေခြင်းတွေကို လုပ်နေရတာဖြစ်ပါတယ်။

ကျွန်ုပ်အား ဘုရားသခင်က ဘာကြောင့်ဖန်ဆင်းရပါသလဲ

ကျွန်ုပ်တို့လူသားအားလုံး တစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိဘဲ ကွဲပြားနေတတ်ပါတယ်။ ထို့အတူ လူတစ်ဦးချင်းစီမှာ ရှိနေတဲ့ အထုံပါရမီ၊ စွမ်းဆောင်ရည်၊ ကျောထောက်နောက်ခံအသိုက်အဝန်း၊

mgyoe.com

mgyoe.com


အနာဂတ်ကာလ အခြေအနေတို့လည်း တစ်ဦးနှင့်တစ်ဦး တူညီနိုင်ခြင်း မရှိကြပါဘူး။ ဒီလို မတူညီတဲ့ အခြေအနေပေါ်မှာ သင်က အခြားသူတွေကို အားကျပြီး သူတို့ရဲ့ ဘဝနေထိုင်မှုပုံစံကို လိုက်လံတုပဖန်တီးခဲ့ရင် သင်က အမှားကြီးတစ်ခုကို ကျူးလွန်လိုက်သလို ဖြစ်သွားပြီး သင်အားကျနှစ်သက် သူရဲ့ဘဝကိုလည်း ပုံတူကူးယူနိုင်ခွင့်မရနိုင်ပါဘူး။ ဘုရားသခင်ရဲ့အလိုတော်အရ လူတစ်ဦးကို ဖန်ဆင်းပေးရုံမကဘဲ အဲဒီလူလျှောက်လှမ်းရမယ့် ဘဝခရီးလမ်းအမှန်ကိုပါ တစ်ခါတည်း ရွေးချယ်ပေးထားပြီးဖြစ် တာကြောင့် ကိုယ့်လမ်းကိုယ်လျှောက်ရုံကလွဲပြီး အခြားလူတွေရဲ့လမ်းကို ထပ်မံရွေးချယ်ဖို့ရာ မဖြစ်နိုင်တဲ့ သဘောကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါတယ်။

ကျွန်ုပ်၏ တိမ်မြုပ်ငုပ်လျှိုးနေသောစွမ်းရည်ကို ယုံကြည်အားကိုးလို့ရနိုင်ပါသလား

သင့်ကိုယ်သင် အောင်မြင်နိုင်ချေမရှိသေးတဲ့ လူတစ်ယောက်လို့ မှားယွင်းစွာ ယုံကြည်မိခဲ့ရင် အောင်မြင်မှုပန်းတိုင်ဆီကို သင်ဘယ်တော့မှ ရောက်နိုင်မှာမဟုတ်ပါဘူး။ သင့်ဘက်က အောင်မြင်နိုင်ချေရှိတဲ့ လမ်းကို ရွေးချယ်မှသာလျှင် အမှန်တကယ်ဆင့်ကဲအောင်မြင်လာမယ့် အခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။

(၂) ဖြစ်နိုင်ချေအမြင့်မားဆုံးသောနေရာအထိ ရောက်ရှိအောင် ကြိုးစားခြင်း

နာမည်ကျော်ဝတ္ထုရေးဆရာ 'အိပ်ချ်ဂျီဝဲလ်စ်' ဟာ ချမ်းသာကြွယ်ဝခြင်း၊ မကောင်းသတင်းကျော်စောခြင်း (သို့) ကောင်းသတင်းကျော်စောခြင်း၊ အဆင့်အတန်းရှိခြင်း၊ ဩဇာအာဏာကြီးမားခြင်းတွေနဲ့ အောင်မြင်မှုကိုတိုင်းတာလို့မရဘူးလို့ သူ့ရဲ့ယူဆချက်ကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အောင်မြင်မှုကို အမှန်တကယ်တိုင်းတာနိုင်တဲ့ နည်းလမ်းကတော့

mgyoe.com

mgyoe.com


ကျွန်ုပ်တို့ဘယ်တွေကိုရောက်ဖူးပြီး ဘာတွေကိုလုပ်ဖူးတယ်၊ ကျွန်ုပ်တို့ ဘာတွေဖြစ်လာတယ်၊ ဘယ်လိုအခြေအနေနဲ့ ရင်ဆိုင်ရတယ်ဆိုတဲ့ ကိစ္စတွေအကြား အချိုးချတွက်ချက်ခြင်းသာဖြစ်ပါတယ်။

အောင်မြင်မှုကို အခြားနည်းနဲ့ အဓိပ္ပာယ်ဖွင့်ရရင် အောင်မြင်မှုအတွက် ဖြစ်နိုင်ချေအမြင့်ဆုံးသော နေရာအထိရောက်ရှိအောင် စွမ်းဆောင်နိုင်ခြင်းလို့ဆိုရပါလိမ့်မယ်။ ဘုရားသခင်က ကျွန်ုပ်တို့လူသားတစ်ဦးချင်းစီကို ဖြစ်နိုင်ချေတစ်ခုစီ လက်ဆောင်အဖြစ် ပေးသနားထားပါတယ်။

ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးတဲ့လက်ဆောင်ကို ကျွန်ုပ်တို့က အကောင်းဆုံး စွမ်းဆောင်ချက်တွေနဲ့အတူ ဘုရားသခင်ကို ပြန်လည်ဆက်သနိုင်ဖို့လိုပါတယ်။ ဖို့ဒ်ကားကုမ္ပဏီကိုတည်ထောင်တဲ့ ဟင်နရီဖို့ဒ်ရဲ့ လေ့လာတွေ့ရှိချက်တွေအရ ပြောခဲ့တဲ့စကားကတော့ 'လူတွေဟာ သူတို့လုပ်နိုင်တယ်လို့တွေးထင်တာထက်ပိုပြီး အမှန်တကယ်ပိုမိုလုပ်နိုင်စွမ်းရှိကြတယ်'... လို့ဖြစ်ပါတယ်။

ကျွန်ုပ်တို့အတွက်ဖြစ်နိုင်ချေအရှိဆုံးသော ကိစ္စတွေကို ကြိုးစားလုပ်ကိုင်ရာမှာ အကန့်အသတ် အတိအကျမရှိကြသော်လည်း ဖြစ်နိုင်ချေအမြင့်ဆုံးသော ကိစ္စရပ်တွေကို ရွေးချယ်လုပ်ကိုင်ခြင်းကသာ လက်တွေ့အကျိုးထူးကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဖြစ်နိုင်ချေအရှိဆုံး၊ အမြင့်ဆုံးသော ကိစ္စရပ်တွေကိုသာ ရွေးချယ်လုပ်ကိုင်ရတာက ဘာကြောင့်လဲ? ဒီမေးခွန်းအတွက် ရိုးရှင်းတဲ့အဖြေရှိပြီးဖြစ်ပါတယ်။ တကယ်တော့ လောကမှာကျွန်ုပ်တို့ "ဘာမဆိုလုပ်နိုင်ခွင့်" ရှိကြပါတယ်။ ဒါပေမဲ့လက်တွေ့မှာ ကျွန်ုပ်တို့ "အရာရာကိုမလုပ်နိုင်ကြတာ" က သေချာပါတယ်။

အမှန်ကန်ဆုံးသော နည်းလမ်းတစ်ခုကို အကြံပြုရရင် လောကမှာ သူများတကာတွေ တိုးတက်ကြီးပွားတာကိုမြင်လို့ သူတို့လုပ်တဲ့အလုပ်

mgyoe.com

mgyoe.com


တွေကို အားကျပြီး လိုက်လုပ်တိုင်း မိမိအတွက် အောင်မြင်မှုရရှိဖို့က သေချာရေရာမှုမရှိနိုင်ပါဘူး။ အချို့က မိမိတို့နဲ့ လိုက်ဖက်သင့်တင့်တဲ့ အလုပ်တွေကို ရွေးချယ်လုပ်ကိုင်တတ်ကြတာကြောင့် တိုးတက်အောင်မြင်မှုကို ရရှိကြပါတယ်။ အချို့ကတော့ အလုပ်တစ်ခုတည်းကို တစ်စိုက်မတ်မတ်လုပ်ပြီး ကျွမ်းကျင်အောင် ကြိုးစားတတ်ကြပါတယ်။ သို့သော်လည်း အချို့က အလုပ်တစ်ခုတည်းအပေါ် တစ်စိုက်မတ်မတ်လုပ်ခြင်းမရှိဘဲ ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ်တတ်တာကြောင့် ဘာကိုမှ မည်မည်ရရကျွမ်းကျင်မှုမရှိတဲ့ အလုပ်ပေါင်းများစွာကိုလုပ်ပြီး တိုးတက်အောင်မြင်မှုမရှိတဲ့ သူ့ဘဝကိုရောက်ရတတ်ပါတယ်။

သင့်ဘက်က ဘဝတစ်သက်တာတိုးတက်မှုအပေါ် ရည်သန်ပြီး အပြောင်းအလဲတွေလုပ်ဖို့ အရန်သင့်ဖြစ်နေပြီဆိုရင် သင့်အားအောင်မြင်မှုအတွက် ဖြစ်နိုင်ချေအရှိဆုံးသောနေရာသို့ ဆွဲခေါ်သွားနိုင်မယ့် အခြေခံသဘောတရား ၄ ရပ်ကို အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။

၁။ တစ်ခုတည်းသောရည်မှန်းချက်အပေါ်၌သာ အာရုံစိုက်ပါ

ဦးတည်ရာအရပ်ဒေသက ၂၀ လောက်ရှိနေတဲ့အခါ (သို့) ဦးတည်ချက်တစ်ခုတည်း၊ ရည်မှန်းချက်တစ်ခုတည်းကိုသာ အာရုံမစိုက်နိုင်တဲ့သူတွေအတွက် အောင်မြင်မှုရရှိဖို့ ဖြစ်နိုင်ချေအမြင့်ဆုံးသောနေရာကို ဘယ်တော့မှ မရောက်နိုင်ပါဘူး။ ဖြစ်နိုင်ချေအရှိဆုံးသောနေရာကို ရောက်ဖို့အတွက် အဓိကလိုအပ်ချက်ကလည်း အာရုံစူးစိုက်နိုင်စွမ်းရှိခြင်းပဲ ဖြစ်ပါတယ်။

သင့်အနေနဲ့ သင့်စိတ်အာရုံကို ဘယ်နေရာမှာ အာရုံစိုက်မယ်လို့ဆုံးဖြတ်လိုက်တာနဲ့ သင်ဟာလုပ်ချင်နေတဲ့ ကိစ္စတွေကိုစွန့်လွှတ်ပြီး လုပ်

mgyoe.com

mgyoe.com


သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို စတင်လုပ်ကိုင်ရတော့မှာဖြစ်ပါတယ်။

နောက်ထပ် သိထားသင့်တဲ့ကိစ္စတစ်ခုကတော့ စွန့်လွှတ်အနစ်နာခံခြင်းလုံးဝမရှိဘဲ အောင်မြင်မှုကိုလုံးဝမရယူနိုင်ဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

အောင်မြင်မှုရယူဖို့ သင့်အလိုဆန္ဒက နည်းနေရင် သင့်ရဲ့စွန့်လွှတ်အနစ်နာခံခြင်းတွေကလည်း နည်းပါးနေပါလိမ့်မယ်။ တကယ်လို့သင်က ရည်မှန်းထားပြီးတဲ့ ကိစ္စကြီးတွေကိုပြီးပြည့်စုံစွာနဲ့ အကောင်အထည်ဖော်လိုတယ်ဆိုရင်တော့ သင့်ရဲ့စွန့်လွှတ်အနစ်နာခံမှု၊ ပေးဆပ်ရမှုတွေကလည်း ကြီးမားနေပါလိမ့်မယ်။

သင်ကအောင်မြင်မှုကို ဧကန်ရယူချင်တဲ့လူမှန်ရင် မိမိလုပ်တဲ့အလုပ်အပေါ်မှာ အာရုံစူးစိုက်ခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်းဆိုတဲ့ အရေးပါတဲ့ကိစ္စရပ် ၂ ခုကို မလွဲမသွေလုပ်ရမှာဖြစ်ပါတယ်။

၂။ စဉ်ဆက်မပြတ်သောတိုးတက်မှုရှိနေအောင် အာရုံစူးစိုက်ထားပါ

(Walmart) "ဝေါမတ်" ရဲ့ အမှုဆောင်အရာရှိချုပ် "ဒေးဗစ်ဒီဂလပ်စ်" ကို သူ ဘယ်သူ့ကို လေးစားအားကျမှုအဖြစ်ဆုံးလဲလို့ တစ်ခါက မေးခဲ့ဖူးပါတယ်။

ဒီအခါ ဒေးဗစ်ဒီဂလပ်စ်ရဲ့ အဖြေကရှင်းပါတယ်။ သူလေးစားအားအကျရဆုံးသူကတော့ Wal-mart ကို စတင်တည်ထောင်သူ "ဆမ်ဝေါတမ်" ဖြစ်ပါတယ်တဲ့။ "ဒီဂလပ်စ်" က "ဆမ်ဝေါတမ်" နဲ့ ပတ်သက်ပြီး အခုလိုမှတ်ချက်ချပေးပြန်တယ်။ 'သူ့ကိုကျွန်တော်စသိတဲ့အချိန်ကစပြီး သတိထားမိတာက သူဟာတစ်ရက်ချင်းအလိုက် ပြောင်းလဲတိုးတက်မှုတွေဖြစ်အောင် လုပ်နိုင်တာတွေ့ရတယ်"

ဒါဟာ တကယ်လည်းဟုတ်ပါတယ်။ စဉ်ဆက်မပြတ်သော

mgyoe.com

mgyoe.com


ပြောင်းလဲတိုးတက်မှုတွေရှိနေခြင်းဟာ အောင်မြင်မှုကို စတင်ချဉ်းကပ်နိုင်တဲ့ ဖြစ်နိုင်ချေအမြင့်မားဆုံးသော အခြေအနေတစ်ရပ်ဖြစ်ပါတယ်။

သင့်အနေနဲ့ မနေ့ကထက် ဒီနေ့မှာပိုပြီး ကောင်းအောင်လုပ်နိုင်သလို ဒီနေ့ထက်မနက်ဖြန်မှာ ပိုပြီးကောင်းအောင်လုပ်နိုင်မယ်ဆိုရင် တစ်ရက်ချင်းအလိုက် တိုးတက်မှုရှိတဲ့ စဉ်ဆက်မပြတ်သော တိုးတက်မှုတွေကို ဆက်တိုက်ရရှိနေမှာဖြစ်ပါတယ်။

စဉ်ဆက်မပြတ်သော ပြောင်းလဲတိုးတက်မှုတွေက သင့်ရဲ့ အောင်မြင်မှုဆီ ချဉ်းကပ်နိုင်မယ့်ဖြစ်နိုင်ချေတွေကို တစ်စထက်တစ်စ ပိုမိုသေချာလာစေမှာဖြစ်ပါတယ်။

## ၃။ အတိတ်ကာလဆီမှ အခြေအနေအရပ်ရပ်ကို မေ့ပျောက်ပစ်ပါ

ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ ခရစ်ယာန်ဘုန်းတော်ကြီးများဘုရားကျောင်းကို တည်ထောင်တဲ့ ကျွန်တော့်မိတ်ဆွေ "ဂျက်ခဟေးဖို့ဒ်" က တစ်ခါတုန်းက ခုလိုမှတ်ချက်ပေးခဲ့ဖူးပါတယ်။ 'အတိတ်ကရှိခဲ့တဲ့ ကောင်းတဲ့ကိစ္စတွေရော၊ မကောင်းတဲ့ကိစ္စတွေရော အားလုံးကို အတိတ်မှာပဲထားခဲ့တာကောင်းပါတယ်။ ကျွန်တော်တို့က အတိတ်ကကိစ္စတွေကို ဘယ်နေရာသွားသွား နောက်မှာတရွတ်တိုက်ပြီးဆွဲလာရင် အတိတ်ကဝန်ထုပ်ဝန်ပိုးရဲ့လေးလံမှုတွေကြောင့် ရှေ့ကိုဆက်ပြီးမသွားနိုင်အောင်ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် လက်ရှိကာလနဲ့အနာဂတ်ကာလတွေမှာ ပြောင်းလဲတိုးတက်မှုတွေဆီ ခြေလှမ်းသွက်သွက်နဲ့သွားနိုင်အောင် အတိတ်ရဲ့ လေးလံတဲ့ဝန်ထုပ်ဝန်ပိုးတွေကို အတိတ်မှာပဲထားခဲ့ခြင်းက အကောင်းဆုံးဖြစ်ပါတယ်'

သင့်ဘဝတစ်လျှောက်မှာ သင်ဟာ မှန်တာတွေကိုရော၊ မှားတာ

mgyoe.com

mgyoe.com


တွေကိုပါ လုပ်မိခဲ့ပါလိမ့်မယ်။ ထို့အတူ အတိတ်ကာလမှာ အတား အဆီး၊ အခက်အခဲတွေကို ရင်ဆိုင်ရပြီး ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ခဲ့ရ တာတွေလည်း ရှိကောင်းရှိနေပါလိမ့်မယ်။ အတိတ်မှာ ဘယ်လိုပဲ မကောင်းတာ တွေရှိခဲ့ရှိခဲ့ ကောင်းတာတွေရှိခဲ့ရှိခဲ့၊ အတိတ်မှာပဲထား နိုင်ဖို့လိုပြီး လက်ရှိကာလ အောင်မြင်မှုရရှိဖို့ ဖြစ်နိုင်ချေအမြင့်ဆုံးသော အခြေအနေတွေကို အတိတ်အကြောင်းတွေကြောင့် ထိခိုက်ခံလို့ မဖြစ်ပါ ဘူး။ အကယ်၍ သင့်အတွက် တိုက်တွန်းလှုံ့ဆော်မှုတွေ လိုအပ်နေတယ် ဆိုရင် ကြီးမားတဲ့ အခက်အခဲအတားအဆီးတွေကို ဖြတ်ကျော်နိုင်ခဲ့တဲ့ လူတွေရဲ့အကြောင်းကို ပြန်လည်စဉ်းစားပြီး ကောင်းကွက်မှန်သမျှကို အတုယူပေးပါ။

ဥပမာအနေနဲ့ "ဘွတ်ခ်ကာတီဝါရှင်တန်" ဆိုတဲ့ ပုဂ္ဂိုလ်ထူး တစ်ယောက်ရဲ့ လုပ်ရပ်ကိုကြည့်ပြီး နမူနာယူပေးပါ။ "ဘွတ်ခ်ကာတီ" ဟာ ကျွန်အဖြစ် မွေးဖွားလာသူတစ်ယောက်ဖြစ်ပြီး လူဖြူအသိုက်အဝန်း ရဲ့ နှိမ့်ချ၊ ပစ်ပယ်၊ အနိုင်ကျင့်ခြင်းကိုခံခဲ့ရသူတစ်ယောက်ဖြစ်ပါတယ်။

ဒါပေမဲ့ ဘွတ်ခ်ကာတီဟာ အခက်အခဲအတားအဆီးတွေ ဘယ် လောက်ပဲတွေ့တွေ့ သူရည်မှန်းထားတဲ့ အောင်မြင်မှုပန်းတိုင်ဆီရောက် ဖို့ ဖြစ်နိုင်ချေအမြင့်ဆုံးသောနေရာကို တက်နိုင်ခဲ့သူဖြစ်ပါတယ်။

ဘွတ်ခ်ကာတီက "Tuskegee"အင်စတီကျူ့နဲ့ "လူမည်းအမျိုး သားများစီးပွားရေးလုပ်ငန်းအဖွဲ့ချုပ်" ကို တည်ထောင်နိုင်ခဲ့ပါတယ်။

ဘွတ်ခ်ကာတီက အောင်မြင်မှုနဲ့ပတ်သက်ပြီး သူ့ရဲ့ထင်ရှားတဲ့ အမြင်ကို အခုလိုထုတ်ဖော်ပြောဆိုခဲ့ဖူးပါတယ်။

'အောင်မြင်မှုကို ရာထူးဂုဏ်ရှိန်တွေ၊ ငွေကြေးဥစ္စာ၊ ဓန တွေ၊ ဩဇာအာဏာတွေနဲ့ တိုင်းတာလို့မရပါဘူး။ အောင်မြင်မှု ရောက်ရှိအောင် ဘယ်လိုအတားအဆီးအခက်အခဲတွေကို ဘယ်လို

mgyoe.com

mgyoe.com


ကျော်လွှားနိုင်ခဲ့တယ်ဆိုတဲ့ လုပ်ဆောင်ချက်နဲ့ပဲ တိုင်းတာလို့ရပါတယ်'

အကောင်းဆုံးအကြံပြုလိုတာက အတိတ်က အခြေအနေအရပ်ရပ်ကို မေ့ပျောက်နိုင်အောင် ကြိုးစားပါ။ လက်ရှိ မျက်မှောက်ကျော်လွှားရန်ရှိနေတဲ့ အခက်အခဲတွေအတွက်သာ အကောင်းဆုံးကျော်လွှားနိုင်အောင် စီစဉ်ပါ။ အခက်အခဲ၊ အတားအဆီးများကို ကျော်လွှားနိုင်ခဲ့သူတို့ရဲ့ စွမ်းဆောင်ချက်တွေကို လေ့လာပြီး သင့်ကိုယ်သင် အားပေးပါ။

၄။ အနာဂတ်ကာလအတွက် အာရုံစူးစိုက်ထားပါ

မျက်မှောက်ကာလ သင့်ရဲ့စွမ်းဆောင်ရည်တွေအားလုံးက နက်ဖြန်များစွာရှိနေတဲ့ အနာဂတ်ကာလတစ်လျှောက် အကျိုးဖြစ်ထွန်းမှုတွေရဲ့ အခြေခံအကြောင်းတရားသာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ သင်ဟာ အသက် ၈ နှစ်၊ ၁၈ နှစ်၊ ၄၈ နှစ်၊ အသက် ၈၀ စသည်ဖြင့် အသက်တဖြည်းဖြည်း ကြီးလာချိန်ကာလတစ်လျှောက် စွမ်းဆောင်ချက်တွေရဲ့ အကျိုးရလဒ်အသီးအပွင့်တွေကို အချိန်ပိုင်းအလိုက် ခံစားပိုင်ခွင့်ရှိခြင်းကို ဆိုလိုပါတယ်။

ဒါကြောင့် မျက်မှောက်ကာလမှာ ကြိုးစားအားထုတ်မှုတစ်ခုလုပ်တိုင်း အနာဂတ်ကိုရည်မျှော်ပြီး အာရုံစူးစိုက်ထားပေးပါ။

(၃) အခြားသူများအတွက် ကောင်းစေ၊ အကျိုးရှိစေရန် မျိုးစေ့ချပေးခြင်း

သင့်ဘဝရည်မှန်းချက်ကို သင်ကိုယ်တိုင်သိလာတဲ့အခါ ဖြစ်နိုင်ချေအမြင့်ဆုံးသောနေရာအထိရောက်ရှိအောင် ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။

အောင်မြင်မှုဆိုတာက ခရီးရှည်တစ်ခုဖြစ်တာကြောင့် အများသူငှာ

mgyoe.com

mgyoe.com

အကျိုးရှိအောင်ကူညီခြင်း၊ အောင်မြင်မှုရရှိအောင် မျိုးစေ့ချပေးခြင်းတွေကို ခရီးရှည်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တကယ်လို့ သင်က လူအများကို တစ်စုံတစ်ရာ ကူညီခြင်းမရှိဘဲ မိမိအောင်မြင်ရေးအတွက် ခရီးရှည်ကို တစ်ကိုယ်တည်း လျှောက်လှမ်းနေမယ်ဆိုရင် လမ်းခရီးတစ်လျှောက် အထီးကျန်ပြီး သင့်ကို ကူညီမယ့်သူမရှိသလို သင့်အတွက် အကျိုးကျေးဇူးရှိစေမယ့် အတွေ့အကြုံတွေလည်း ရရှိမှာမဟုတ်ပါဘူး။ ကျွန်ုပ်တို့ရှာဖွေရရှိတဲ့ငွေကြေးတွေနဲ့ ဘဝကို ရပ်တည်ရတာမှန်သော်လည်း ကျွန်ုပ်တို့ရှိတာတွေကို ပေးကမ်းခြင်းနဲ့ ဘဝကိုတည်ဆောက်နိုင်ဖို့လည်း လိုပါတယ်။

ဘာသာရေးဆိုင်ရာပညာရှင်လည်းဖြစ်၊ ဆေးပညာရှင်နဲ့ အတွေးအခေါ်ပညာရှင်လည်းဖြစ်တဲ့ 'အဲလ်ဘတ်ချိဝစ်ဇာ' က တစ်ခါတုန်းက အခုလို အခိုင်အမာပြောဆိုခဲ့တာရှိပါတယ်။ 'လူသားဘဝရဲ့ ရည်မှန်းချက်က အများကိုအလုပ်အကျွေးပြုပြီးပေးဆပ်ဖို့၊ မိမိရဲ့ သနားကြင်နာစိတ်နဲ့ စာနာထောက်ထားတတ်တဲ့စိတ်တွေကို ဖွင့်ပြပြီး အများကိုကူညီချင်တဲ့စိတ်ဆန္ဒရှိကြဖို့သာ ဖြစ်ပါတယ်....'

'အဲလ်ဘတ်' ရဲ့ အောင်မြင်မှုခရီးရှည်တစ်လျှောက် အာဖရိကတိုက်ရဲ့ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ နေရာတွေကို သွားရောက်ပြီး ဘာသာရေးဆိုင်ရာ အသိပညာတွေဝေမျှပေးခြင်း၊ ဆေးဝါးအခမဲ့ကုသပေးခြင်း၊ စဉ်းစားတွေးခေါ်မှုတွေ မြင့်တက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းတွေနဲ့ ဒေသခံတွေအားလုံးအတွက် သူ့ဘဝကို နှစ်ရှည်လများ ပေးဆပ်ခဲ့ပါတယ်။

သင့်အနေနဲ့ လူအများအကျိုးရှိဖို့ မျိုးစေ့ချပေးရမယ့်ကိစ္စအပေါ် အဲလ်ဘတ်လိုမျိုး နိုင်ငံခြားတိုင်းပြည်တွေဆီ ခရီးသွားပြီး ဆင်းရဲသား

mgyoe.com

mgyoe.com


တွေကို အလုပ်အကျွေးပြုရမယ်လို့ ပုံသေသတ်မှတ်စရာမလိုပါဘူး။ သင့်အနေနဲ့ အခြားနည်းလမ်းပေါင်းများစွာနဲ့ လူအများကို အလုပ်အကျွေးပြုပေးနိုင်ပါတယ်။

ဖျော်ဖြေတင်ဆက်သူတစ်ဦးဖြစ်တဲ့ "ဒန်နီသောမတ်စ်" က အခုလို ပြောဖူးခဲ့ပါတယ်။ 'ကျွန်တော်တို့အားလုံးကို ခိုင်လုံတဲ့ အကြောင်းတရားတစ်ခုကြောင့် မွေးဖွားလာခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်းတရားက ဘာလဲဆိုတာကိုတော့ ကျွန်တော်တို့အားလုံး ရှာမတွေ့ကြသေးပါဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ဘဝမှာ ကျွန်တော်တို့ရရှိထားခဲ့တာတွေ၊ ကျွန်တော်တို့ ကိုယ်ကို ပြည့်စုံဖို့ဖြည့်ဆည်းတာတွေက ဘဝရဲ့ အောင်မြင်မှု မဟုတ်ဘူး ဆိုတဲ့ အချက်ပါပဲ။ ကျွန်တော်တို့အားလုံး အောင်မြင်တဲ့ဘဝကိုပိုင်ဆိုင်ချင်တယ်ဆိုရင် လူအများအကျိုးရှိမယ့်ဟာတွေလုပ်ပေးဖို့က အဓိကကျပါတယ်'

အောင်မြင်မှုဆိုတဲ့ခရီးရှည်ကို လျှောက်လှမ်းတဲ့လူတစ်ဦးချင်းစီ အလိုက် ရရှိတဲ့အကျိုးရလဒ်တွေက မတူကြပေမဲ့ ရည်ရွယ်ချက်တွေက တော့ တူညီနေတာတွေ့ရပါတယ်။

အောင်မြင်မှုခရီးရှည် လျှောက်လှမ်းခြင်းကို အိမ်၊ ရုံး၊ ကျောင်း၊ ကစားကွင်း၊ ဘုရားရှိခိုးကျောင်းတွေမှာ လေ့ကျင့်ပေးနိုင်ပါတယ်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း – ၁
# သင့်ရည်ရွယ်ချက်ကို သိရှိနားလည်ခြင်း

**ကျွန်ုပ်ဘယ်နေရာကိုသွားချင်သလဲ။**

ကျွန်တော်ဒီစာအုပ်ကို စတင်ရေးသားတဲ့အချိန်မှာ ကျွန်တော့်ရဲ့ များလှစွာသော သူငယ်ချင်းတွေအကြောင်း၊ ကျွန်တော့်မိသားစုဝင်တွေနဲ့ပတ်သက်တဲ့အကြောင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တို့ရဲ့ ခရီးသွားခြင်းအပေါ် ရှုမြင်တွေးခေါ်ပုံတွေကို တတ်နိုင်သလောက် ဘေးဖယ်ထားပြီး စာကိုသာအာရုံစိုက်ရေးသားခဲ့ပါတယ်။ ကျွန်တော့်စာအုပ်မပြီးမြောက်သေးခင်ကာလအတွင်း အခြားဘေးပန်းကိစ္စတွေကို ခေါင်းမရှုပ်ရအောင် အတတ်နိုင်ဆုံးမေ့ထားပစ်လိုက်တယ်။

ကျွန်တော်က ခရီးခဏခဏသွားတတ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ကိစ္စတစ်ခုတော့မေးဖြစ်ခဲ့တယ်။ အဲဒါကတော့ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နေရာကိုမဆို ခရီးသွားဖို့ အခွင့်အလမ်းကြုံရင် (သို့) ခရီးသွားခွင့်ရခဲ့ရင် ဘယ်နေရာကိုဦးစားပေးသွားမလဲလို့ မေးလိုက်ခြင်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


ဒီအခါသူတို့အုပ်စုက တစ်သံတည်းသောအဖြေမဟုတ်ဘဲ တစ်ယောက်တစ်ပေါက်နဲ့ ပြန်ဖြေကြတယ်။

'ဂျေနီဟန်ဆန်' ဆိုတဲ့သူငယ်ချင်းက ဂျာမနီနိုင်ငံ "အီဒင်ဘာတ်"ကို ပြန်ချင်နေတယ်။ သူမကခင်ပွန်းသည် "ဘရက်ဒ်"နဲ့အတူ ဂျာမနီရဲ့နေရာအတော်များများမှာ ၃ နှစ်လောက်နေဖူးတယ်လေ။ သူမက ဂျာမနီနိုင်ငံသားတွေကိုချစ်တယ်။ အီအင်ဘာတ်မြို့မှာ ထမင်းစားလေ့စားထရှိတယ်။ "ဟန်ဆန်" အတွက်ကတော့ ဂျာမနီနိုင်ငံဟာ သူမရဲ့အမှတ်တရတွေနဲ့ပြည့်နှက်နေတဲ့ နေရာတစ်ခုပေါ့။ 'မီယီယမ်' ဆိုတဲ့သူငယ်ချင်းမတစ်ယောက်ကတော့ ဩစတြေးလျကို သွားချင်နေတယ်။ သူမရဲ့ရည်ရွယ်ချက်က ထူးခြားတယ်။ ဩစတြေးလျရဲ့ ကုန်းခေါင်ရေဝေးအရပ်ကိုသွားပြီး သာမန်ထက်ထူးခြားဆန်းကြယ်တဲ့တိရစ္ဆာန်တွေကို လေ့လာချင်သတဲ့လေ။ မီယီယမ်က အထူးသဖြင့် 'ကိုအားလား' အကောင်ကလေးတွေကို အပြင်မှာတွေ့ဖူးချင်နေတယ်။ ဒါကြောင့် ဩစတြေးလျကိုသွားမယ့်ခရီးက သူမအတွက် မဟာစွန့်စားခန်းကြီးတစ်ခုလို ဖြစ်နေပါတော့တယ်။

'ချာလီဝက်ဇယ်' ဆိုတဲ့ နောက်ထပ်သူငယ်ချင်းတစ်ယောက်ကတော့ အင်္ဂလန်ကိုသွားချင်တယ်။ သူကကျောင်းမှာကတည်းက ကမ္ဘာ့နိုင်ငံတွေရဲ့ သမိုင်းရာဇဝင်နဲ့ စာပေယဉ်ကျေးမှုတွေကို လေ့လာလိုက်စားဖို့ စိတ်ဓာတ်ထက်သန်ခဲ့သူတစ်ယောက်ပါ။ သူ့အတွက် ဥရောပထဲက အင်္ဂလန်ဟာ လေ့လာစရာတွေ တစ်ပုံတစ်ပင်ရှိနေတဲ့ နေရာတစ်ခုဖြစ်လာခဲ့ပါတယ်။

လန်ဒန်မျှော်စင် ဖလီလမ်း "ဟက်စတင်းန်" တိုက်ပွဲဖြစ်ရာနေရာ၊ ရှုခင်းကောင်းတဲ့နေရာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ရေကန်တို့ဟာ "ဝက်ဇယ်" ဖတ်ခဲ့တဲ့ စာအုပ်တွေထဲမှာကတည်းက ဝက်ဇယ်နဲ့

mgyoe.com

mgyoe.com


မိတ်ဆက်ပြီးသားဖြစ်နေပါပြီ။ ကျွန်တော်က သူငယ်ချင်းတွေရဲ့ သူတို့သွားမယ့်ခရီးစဉ်နဲ့ပတ်သက်ပြီး အိပ်မက်တွေဘယ်လိုရှိတယ်ဆိုတာကို နားထောင်ခဲ့ရလို့ ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်စီက သူတို့ရဲ့စိတ်ထဲရှိတာတွေကို ဖွင့်ဟပြောဆိုခွင့်ရလို့လားမသိ၊ သူတို့အားလုံးပျော်နေတာတွေ့ရတယ်။ ဒီတော့ ကျွန်တော်လည်း ပျော်တာပေါ့။ သူတို့က ဘယ်နေရာတွေသွားပြီး ဘာတွေကို ကြည့်ရှုလေ့လာမယ်၊ ဘယ်လိုလှုပ်ရှားဆောင်ရွက်မှုတွေကိုလုပ်ကြမယ်လို့ ပြောတဲ့အချိန်မှာ စကားသံတွေက အရမ်းမြန်ပြီး မျက်လုံးတွေကလည်း တောက်ပနေကြတယ်လေ။

သူငယ်ချင်းတွေစကားဆုံးတော့ ကျွန်တော်က မေးခွန်းထုတ်လိုက်တယ်။

သူတို့စိတ်ကူးအိပ်မက်ရှိထားတဲ့အတိုင်း ခရီးတွေကို အမှန်တကယ်သွားဖြစ်မှာလားလို့။ ဒီအခါ သူငယ်ချင်းစုံတွဲတစ်တွဲက သူတို့ချည်းပဲ ခရီးမထွက်ချင်တဲ့ကြောင်း၊ ခရီးသွားမယ့်နောက်ထပ်အဖော်တွေကို စောင့်ဆိုင်းလိုတဲ့အကြောင်း ပြန်ဖြေကြတယ်။ အချို့သူငယ်ချင်းတွေကလည်း သူတို့ခရီးသွားလိုပေမဲ့ ငွေကြေးလုံလောက်မှုမရှိတဲ့အကြောင်း ပြောပြသလို နောက်သူငယ်ချင်းတွေကတော့ ငွေကြေးအလုံအလောက်ရှိပေမဲ့ အချိန်မပေးနိုင်တဲ့အကြောင်း ပြန်ဖြေကြပါတယ်။

ကျွန်တော့်အတွက်တော့ သူငယ်ချင်းတွေရဲ့ စိတ်ကူးသက်သက်ခရီးစဉ်ကို နားထောင်ပြီး အတွေ့အကြုံသစ်တစ်ခုရလိုက်ပါတယ်။

အဲဒါကတော့ ကျွန်တော်တို့အတွက်ဘဝမှာ အရေးပါတာတွေ အများကြီးရှိနေပေမဲ့ အရေးအကြီးဆုံးကိုသာ ဦးစားပေးရမယ့်သဘောကို နားလည်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ခရီးသွားတတ်တဲ့ (သို့) ခရီးသွားရခြင်းကို နှစ်သက်တဲ့ လူအတော်

mgyoe.com

mgyoe.com


များများကို လေ့လာတဲ့အခါ ခရီးစဉ်အတွက်ငွေကြေးနဲ့အချိန်ကို အကန့်အသတ်မထားးတတ်ကြတာတွေ့ရပါတယ်။ ဒီလို အကန့်အသတ် မထားရတဲ့အကြောင်းကို လေ့လာပြန်တော့ ခရီးလမ်းတစ်လျှောက် ကုန်ကျငွေတွေ ဘယ်လောက်ပဲရှိရှိ၊ သွားချင်တဲ့ခရီးကို ဘယ်အချိန်ပဲ ရောက်ရောက် သွားရောက်နိုင်ရေးကသာ အရေးကြီးတယ်လို့ယူဆထားတာကြောင့် ဖြစ်ပါတယ်။

ကျွန်တော်လည်း သင့်ကို အလားတူမေးခွန်းတွေမေးပါရစေ။

သင်က ဘယ်နေရာကိုပဲဖြစ်ဖြစ် သွားနိုင်တဲ့လူဆိုရင် သင်ဘယ်ကို သွားချင်ပါသလဲ? ဒီလိုခရီးထွက်ခြင်းကိစ္စက အပျော်တမ်းခရီးထွက်ခြင်းကိုမဆိုလိုပါဘူး။ ဘဝတိုးတက် အောင်မြင်ရေးခရီးလမ်းကိုသာ ဆိုလိုပါတယ်။ သင်ကဘဝရဲ့အောင်မြင်မှုရပြီးသူဖြစ်စေ၊ မရပြီးသူဖြစ်စေ ဘဝရည်မှန်းချက်ခရီးလမ်းမှာ ရောက်ရှိနေသူသာဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝတိုးတက်အောင်မြင်ရေးခရီးလမ်းက ဘယ်မှာဆုံးမှာလဲ? ကျွန်တော်တို့ဘဝ သက်တမ်းကုန်တဲ့အချိန်မှသာ အဆုံးသတ်မယ်လို့ဖြေတာက ပိုပြီးမှန်ကန်ပါလိမ့်မယ်။ နောက်ထပ်မေးစရာကတော့ ကျွန်တော်တို့ဘဝ တိုးတက်အောင်မြင်ရေး ခရီးလမ်းကိုကျွန်တော်တို့ကိုယ်တိုင် ကိုယ်ကျထိန်းညှိမောင်းနှင်နိုင်ခွင့်ရှိပါသလား? (သို့) ခရီးလမ်းရဲ့ကံကြမ္မာကို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိပါသလား?... ဆိုတဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။

### ဘယ်နေရာကိုမှမရောက်တဲ့ ပင်လယ်အပျော်ခရီး

သင်ကပင်လယ် သမုဒ္ဒရာနဲ့နီးတဲ့ မြို့တစ်မြို့မှာနေတဲ့သူဆိုရင် "ပင်လယ်အပျော်ခရီး" ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်ကို မကြာခဏတွေ့မြင်ရနိုင်ပါတယ်။ ပင်လယ်အပျော်ခရီးဟာ ၂ ရက်၊ ၃ ရက်လောက်

mgyoe.com

mgyoe.com


ကြာတတ်ပေမဲ့ ဘယ်နေရာဒေသကိုမှ သတ်သတ်မှတ်မှတ် မရောက်ရှိနိုင်ပါဘူး။ အလားတူ လူအများစုကို လေ့လာတဲ့အခါ ပင်လယ်အပျော်ခရီးထွက်သလိုမျိုး ဘယ်နေရာကဏ္ဍမှာမှ သတ်သတ်မှတ်မှတ်ကြိုးစားရုန်းကန်ခြင်းမရှိဘဲ စိတ်စေရာ လွင့်မျောနေတတ်ကြတာကို တွေ့ရပါတယ်။ ပင်လယ်အပျော်ခရီးထွက်သူတို့ရဲ့ သဘာဝကိုက ဆိုက်ကပ်မယ့်ဆိပ်ကမ်းသတ်သတ်မှတ်မှတ်မရှိ၊ ခရီးဆုံးဆိုတာမရှိ၊ ဦးတည်ရာမရှိဖြစ်နေတတ်ပါတယ်။ နောက်ပြီး အပျော်ခရီးထွက်သူတွေပီပီ သူတို့ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ပျော်ရွှင်လေလွင့်ခြင်းတွေနဲ့ ကုန်ဆုံးစေတတ်ပါတယ်။

ပျော်ရွှင်၊ လေလွင့်စွာသွားနေတဲ့ ဦးတည်ချက်မဲ့တဲ့ အပျော်ခရီးသွားတွေကတော့ ဘဝရဲ့အောင်မြင်တိုးတက်မှုခရီးကို ဘယ်တော့မှမရောက်ရှိနိုင်တော့ပါဘူး။ သင်ဟာ ရည်မှန်းချက် သတ်သတ်မှတ်မှတ်ထားရှိပြီး အောင်မြင်မှုဆီသွားမယ့်ခရီးကို လျှောက်လှမ်းတိုင်းလည်း ရတ်တရက် အောင်မြင်မှုကို မရရှိနိုင်ပါဘူး။ ထို့အတူ သင်ကကြိုးစားအားထုတ်ပေမဲ့လည်း ဆုံးဖြတ်ချက်နဲ့ ရွေးချယ်မှုတွေ မှားယွင်းရင်အောင်မြင် မှုကိုမရနိုင်ပါဘူး။ ဒါကြောင့် အကောင်းဆုံးအကြံပေးလိုတာက သင်ဟာအောင်မြင်တိုးတက်ရေးခရီးလမ်းကို အဖြစ်နိုင်ဆုံးအခြေအနေတစ်ခုရွေးချယ်သတ်မှတ်ပေးပါ။ သင့်စိတ်ကူးအိပ်မက်တွေကနေ သင်ဖြစ်ချင်သော (သို့) ဖြစ်နိုင်သောအရာအတွက် အကောင်အထည်ဖော်နိုင်အောင် ရည်မှန်းချက်သတ်မှတ်ထားရှိပါ။

အဓိကမှတ်သားစရာတွေကတော့ အောင်မြင်မှုဆီကိုသွားတဲ့ခရီးလမ်းတစ်လျှောက် တစ်ရက်၊ တစ်လချင်းအလိုက် တိုးတက်မှုရှိပြီး ပန်းတိုင်ကို ဖြည်းဖြည်းချင်း ချဉ်းကပ်နိုင်အောင် ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


**စိတ်ကူးအိပ်မက်တစ်ခု၏စွမ်းအား**

ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့နှလုံးသားထဲမှာ စိတ်ကူးအိပ်မက် တစ်ခုစီက နေရာယူထားတတ်ပါတယ်။ ကျွန်တော်တို့လူသားအားလုံး ဟာ ဘဝရှင်သန်ရပ်တည်မှုနဲ့ ဘဝတိုးတက်အောင်မြင်မှုဆိုတဲ့ အခြေခံ လုပ်ငန်းတာဝန် ၂ ရပ်ကိုလုပ်ဖို့ မွေးဖွားလာတဲ့သူတွေ ဖြစ်ပါတယ်။

လုပ်ငန်းတာဝန်တွေကို အကောင်ထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့ရဲ့ အထုံပါရမီ၊ ကျွမ်းကျင်မှုတွေ၊ မြင့်မားတဲ့ စွမ်းဆောင်ရည် တွေရှိမှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဖော်ပြပါ အရည်အသွေး ကောင်းတွေက ကျွန်တော်တို့ရဲ့ဘဝတိုးတက်မှုနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ အခြေ အနေကောင်းတွေကို ဖန်တီးပေးလေ့ရှိပါတယ်။

ကျွန်တော်တို့သွားရောက်လိုတဲ့ အောင်မြင်ခြင်းဆိုင်ရာခရီးလမ်းကို ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာ ကိန်းဝပ်နေတဲ့ စိတ်ကူးအိပ်မက်တွေက စတင်စေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ စိတ်ကူးအိပ်မက်ကို အောင်မြင် တဲ့အထိ လက်တွေ့ကျကျ အကောင်အထည်ဖော်သွားတဲ့ "ဟင်နရီဖို့ဒ်" ကို လေးစားအားကျမိပါတယ်။ တစ်ချိန်က "ဟင်နရီဖို့ဒ်" အခိုင်အမာ ပြောကြားခဲ့ဖူးတဲ့ စကားရှိပါတယ်။ အဲဒါကတော့ 'အောင်မြင်တဲ့ ဘဝရဲ့လျှို့ဝှက်ချက်ကတော့ မိမိရဲ့ကံကြမ္မာအမှန်ကိုသိအောင် ရှာပြီး နောက်တော့လက်တွေ့အကောင်အထည်ဖော်ပေးနိုင် ခြင်းပဲ ဖြစ်ပါတယ်'... ဆိုတဲ့စကားပါ။ တကယ်တော့ "ဖို့ဒ်" ရဲ့ နှလုံးသားထဲမှာ ကိန်းဝပ်နေတာတွေက စက်ပစ္စည်းအစိတ်အပိုင်းနဲ့ ယာဉ်၊ ယန္တရားတွေကို ဘယ်လိုတီထွင်ထုတ်လုပ်မယ်ဆိုတဲ့ စိတ်ကူးအိပ် မက်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း 'ဖို့ဒ်' က ကလေးဘဝအရွယ် ကတည်းက စက်၊ ယာဉ်၊ ယန္တရားတွေနဲ့ ပတ်သက်ပြီး လေ့လာတယ်။ စဉ်းစားတွေးခေါ်မှုတွေလုပ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။

mgyoe.com

mgyoe.com


ပြီးတော့သူက ရေနွေးငွေ့အင်ဂျင်၊ နာရီ၊ ကွန်ဗားရှင်းအင်ဂျင်တွေကို လေ့လာပြီး သင်ယူမှတ်သားတယ်။

နိုင်ငံအတွင်း နေရာအနှံ့ကိုသွားပြီး စက်မှုလုပ်ငန်းရှင်တွေရဲ့ စက်ပစ္စည်းအမျိုးမျိုးကို အခမဲ့ပြုပြင်ပေးရင်း လေ့လာသင်ယူမှုတွေလုပ်ခဲ့တယ်။

အစောပိုင်းကာလတစ်လျှောက် 'ဖို့ဒ်' ဟာ စက်ပြင်ဆရာ (မက္ကင်းနစ်) နှင့် နာရီပြင်ဆရာတစ်ယောက်အဖြစ် ရပ်တည်ခဲ့ပါတယ်။

ပြီးတော့သူက "ဒက်ထရွိုက်အယ်ဒီဆင်န်" ကုမ္ပဏီမှာ ညပိုင်းတာဝန်ခံ အင်ဂျင်နီယာတစ်ယောက်ဖြစ် အလုပ်လုပ်ခဲ့ပါသေးတယ်။

ဒီလိုနဲ့ 'ဖို့ဒ်' ရဲ့စိတ်ထဲ တစ်နေ့နေ့မှာ မော်တော်ယာဉ်တွေ ထုတ်လုပ်နိုင်လိမ့်မယ်လို့ တင်ကူးမျှော်လင့်ချက်တွေ ရင့်သန်လာခဲ့ပါတယ်။

၁၈၉၆ ခုနှစ်အရောက်မှာ ဟင်နရီဖို့ဒ်က သူ့အိမ်ရဲ့အနောက်မှာ ပထမဆုံးသော ကားတစ်စီးကို ဖန်တီးတည်ဆောက်နိုင်ခဲ့ပါတယ်။ ပထမဆုံးသောကားကို တည်ဆောက်နိုင်ပေမဲ့ ဖို့ဒ်ရဲ့စိတ်ထဲမှာ အကောင်းဆုံးမဖြစ်သေးတဲ့ အခြေအနေကနေ ဆက်လက်တိုးတက်လာဖို့ စိတ်ကူးသစ်တွေ ရှိလာခဲ့ပြန်တယ်။ ဒီတော့ သူက အခြားကားတည်ဆောက်သူတွေ၊ ကားထုတ်လုပ်ရေးလုပ်ငန်းတွေကို ဆက်လက်လေ့လာလိုက်တယ်။ ဖို့ဒ်လေ့လာခဲ့တဲ့ကားထဲမှာ "ရမ်ဆမ်အီးအိုးဒ်" ဆိုသူရဲ့ ၁၉၀၀ ပြည့်နှစ်မှာထုတ်လုပ်တဲ့ "အိုးလ်စ်မိုဘိုင်း" ဆိုတဲ့ ကားလည်းပါဝင်ပါတယ်။ ဖို့ဒ်ရဲ့ စက်ပစ္စည်းတွေအပေါ် ခင်တွယ်မှု၊ ဝါသနာနဲ့ စိတ်ပါဝင်စားမှုတို့က သူ့ကို ကားတွေထုတ်လုပ်နိုင်စွမ်းရှိအောင် လှုံ့ဆော်ခဲ့ပါတယ်။

ဖို့ဒ်ရဲ့ ကားထုတ်လုပ်ရေးအစီအစဉ်က ဈေးနှုန်းသက်သာတဲ့ကားတွေ အရေအတွက်များများ ထုတ်လုပ်နိုင်ဖို့သာဖြစ်ခဲ့ပြီး ဒီမိခံကားထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ပစ္စည်းကိရိယာတွေတော့ အပြည့်အစုံမရှိ

mgyoe.com

mgyoe.com


ခဲ့ပါဘူး။ ဇိမ်ခံကား အကောင်းစားကားတွေထုတ်လုပ်နိုင်ဖို့က ဖို့ဒ်ကိုယ်တိုင် ချမ်းသာကြွယ်ဝပြီး အရင်းအနှီးတောင့်တင်းမှသာ ဖြစ်နိုင်တာကြောင့် လူလတ်တန်းစား အများစုစီးနိုင်တဲ့ ကားတွေကိုသာ အဓိကထား ထုတ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

၁၈၉၉ ခုနှစ်မှာ ဒက်ထရွိုက်ကားထုတ်ရေးကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဈေးနှုန်းသက်သာတဲ့ကားတွေ ထုတ်လုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ သို့သော်လည်း ကုမ္ပဏီဝန်ထမ်းတွေက ဖို့ဒ်ရဲ့အစီအစဉ်တွေအပေါ် ဟန့်တားခဲ့တာကြောင့် နောက်ပိုင်းမကြာခင်မှာပဲ ဖို့ဒ်က ကုမ္ပဏီကနေ နုတ်ထွက်လိုက်ပါတယ်။

ဖို့ဒ်အတွက် အတားအဆီးအခက်အခဲတွေ များနေခဲ့ပေမဲ့ သူ့ရဲ့စိတ်ကူးအိပ်မက်ကိုတော့ ဘယ်အရာကမှ တားဆီးနိုင်ခြင်းမရှိခဲ့ပါဘူး။

၁၉၀၃ ခုနှစ်မှာ ဖို့ဒ်က "ဖို့ဒ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ ကို တည်ထောင်ပြီး "မော်ဒယ် T" ဆိုတဲ့ ကားအမျိုးအစားကို စတင် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဖို့ဒ်တည်ထောင်တဲ့ကုမ္ပဏီသစ်ရဲ့ ပထမဆုံးသော နှစ်အတွင်းမှာတော့ ကားအစီးရေ ၆၀၀၀ အထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း နောက်ထပ် ၈ နှစ်အကြာမှာတော့ ကားအစီးရေ ၅၀၀,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အဲဒီကားတွေကို ကနဦး လက်လီဈေးနှုန်းအနေနဲ့ တစ်စီးကိုဒေါ်လာ ၈၅၀ မှ ဒေါ်လာ ၃၆၀ အထိ လျှော့ချပြီး ရောင်းချခဲ့ပါတယ်။

ဖို့ဒ်ရဲ့ကြိုးစားအားထုတ်မှုတွေက သူ့ကိုစိတ်ကူးအိပ်မက်တွေအကောင်အထည်ဖော်နိုင်အောင် အမှန်တကယ်အားဖြည့်ပေးနိုင်ခဲ့ပါတယ်။ စိတ်ကူးအိပ်မက်တစ်ခုရဲ့စွမ်းအားက ဘဝတိုးတက်အောင်မြင်ရေးမှာ ဘယ်လောက်အထိအရေးပါတယ်ဆိုတာကို ဟင်နရီဖို့ဒ်က ရှေ့ဆောင်လမ်းပြပေးခဲ့ပြီးပါပြီ။

mgyoe.com

mgyoe.com


**စိတ်ကူးအိပ်မက်တစ်ခုက ကျွန်ုပ်တို့၏ ဦးတည်ရာလမ်းကြောင်းအမှန်ကို ညွှန်ပြပေးသည်**

ကျွန်ုပ်တို့ရဲ့ စိတ်ကူးအိပ်မက်အသီးသီးဟာ ကျွန်ုပ်တို့ဘဝ တိုးတက်အောင်မြင်ရေးခရီးလမ်းတစ်လျှောက် ဦးတည်ရာလမ်းကြောင်း မလွဲချော်စေဖို့ သံလိုက်အိမ်မြှောင်တစ်ခုသဖွယ် လမ်းညွှန်ပေးနိုင်ပါတယ်။

သံလိုက်အိမ်မြှောင်လိုမျိုး အလုပ်လုပ်ပေးတဲ့ကျွန်ုပ်တို့ရဲ့ စိတ်ကူးအိပ်မက်တစ်ခုစီဟာ ကျွန်ုပ်တို့ဘယ်ခရီးကို ဘယ်လမ်းကြောင်းအတိုင်းသွားရမယ်၊ ဘယ်အရပ်ထောင့်ကိုတော့ ရှောင်ရမယ်ဆိုတဲ့ မှန်ကန်တဲ့ညွှန်ပြမှုတွေနဲ့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးမှာဖြစ်ပါတယ်။ အကယ်၍သင်က သင့်ရဲ့စိတ်ကူးအိပ်မက်ကညွှန်ပြနေတဲ့ ဦးတည်ရာလမ်းကြောင်းကို မျက်ကွယ်ပြုပြီး သင်သွားချင်တဲ့ အရပ်ထောင့်တွေကို ရွေးချယ်ခဲ့မယ်ဆိုရင် သင့်အတွက် အောင်မြင်နိုင်ချေရှိတဲ့ အခွင့်အရေးမှန်သမျှကို လက်လွှတ်ဆုံးရှုံးရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့ရဲ့ပြုမူဆောင်ရွက်မှုတွေဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ဆက်လက်တိုးတက်အောင် လျှောက်လှမ်းချင်စိတ်မရှိဘဲ ခြေလှမ်းတွေက နောက်ပြန်ဆွဲနေတတ်ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ မိမိကမှန်ကန်တဲ့လမ်းကြောင်း ပေါ်ရောက်နေတာကို ကိုယ်တိုင်မသိတာကြောင့်ဘဲ ဖြစ်ပါတယ်။

**စိတ်ကူးအိပ်မက်တစ်ခုက ကျွန်ုပ်တို့၏အောင်မြင်နိုင်ချေများစွာကို ဆက်လက်တိုးတက်မြင့်မားလာစေတတ်ပါတယ်**

ကျွန်ုပ်တို့မှာ စိတ်ကူးအိပ်မက်တွေသာမရှိခဲ့ရင် ကျွန်ုပ်တို့ဘဝတိုးတက်နိုင်ချေတွေကို အသေအချာတွေ့မြင်နိုင်ခွင့် မရရှိနိုင်ပါဘူး။ အကြောင်းကတော့ ကျွန်ုပ်တို့ရဲ့ လက်ရှိအခြေအနေတွေကို ကျော်လွန်ပြီး မကြည့်နိုင်တာကြောင့်ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

လက်ရှိအခြေအနေ၊ အနေအထားတွေကို ကျွန်ုပ်တို့ကျော်လွန်ပြီး မကြည့်နိုင်ရခြင်းဟာ ကျွန်တော်တို့မှာ စိတ်ကူးအိပ်မက်တစ်စုံတစ်ရာ မရှိတာကို ရည်ညွှန်းပြီး ထိုအခြေအနေကြောင့် အနာဂတ်ကာလအောင်မြင်နိုင်ချေကိုလည်း ကြိုတင်တွက်ချက်နိုင်စွမ်း မရှိနိုင်ပါဘူး။ ဒါကြောင့် ကျွန်ုပ်တို့ဘဝတိုးတက်အောင်မြင်နိုင်ချေကို ကြိုတင်တွက်ဆနိုင်မယ့် ပေးလာတဲ့ အခြေအနေကောင်းတွေ၊ စိတ်ကူးအိပ်မက်တွေကို လက်လွှတ်မခံစတမ်းဆုပ်ကိုင်ပြီး မိမိမှာရှိနေတဲ့ အထုံပါရမီကောင်းတွေနဲ့ ပေါင်းစပ်အသုံးချရမှာဖြစ်ပါတယ်။ ဘဝတိုးတက်အောင်မြင်ရေးအတွက် ဖြစ်နိုင်ချေအများဆုံးသော အခြေအနေကိုရောက်ရှိရန် လိုအင်တာကြောင့် သင့်ရဲ့ စိတ်ကူးအိပ်မက်က ကြီးကျယ်မြင့်မားလေ သင့်ဘဝတိုးတက်အောင်မြင်ရေးအတွက် ဖြစ်နိုင်ချေက ပိုမိုအားကောင်းလေဖြစ်လာပါလိမ့်မယ်။

**စိတ်ကူးအိပ်မက်က အနာဂတ်ကာလမျှော်လင့်ချက်များကို ရုပ်လုံးပေါ်လာစေသည်**

စိတ်ကူးအိပ်မက်တွေဟာ ကျွန်ုပ်တို့ရဲ့ အနာဂတ်ကာလမျှော်လင့်ချက်တွေကို ရုပ်လုံးပေါ်လာစေတဲ့အထိ ဖြည့်ဆည်းကူညီပေးတတ်ပါတယ်။

စိတ်ကူးအိပ်မက်ရှိထားပြီးတဲ့ လူတစ်ယောက်အနေနဲ့ ဘယ်လိုအလုပ်တွေကို စွန့်လွှတ်ပြီး ဘယ်လိုဆောင်ရွက်မှုတွေကို လုပ်ရမယ်ဆိုတာကို ကောင်းစွာနားလည်ထားပြီးဖြစ်တာကြောင့် အောင်မြင်မှုရရှိရေးအတွက် စိစစ်ရွေးချယ်လုပ်ကိုင်ရမယ့် ကိစ္စမှန်သမျှကိုလည်း ခွဲခြားနားလည်ပြီး အရေးပါတဲ့ကိစ္စရပ်တွေကိုသာ ဦးစားပေးလုပ်ကိုင်သွားမှာဖြစ်ပါတယ်။

အောင်မြင်ရေးခရီးစဉ်ကို လျှောက်လှမ်းဖို့ စိတ်ပိုင်းဖြတ်ပြီးတဲ့သူ၊ အနာဂတ်ပန်းတိုင် ရှိရမယ့်နေရာကို သတ်မှတ်ပြီးတဲ့သူ၊ မှန်ကန်တဲ့

mgyoe.com

mgyoe.com


စဉ်းစားတွေးခေါ်မှုရှိထားပြီးတဲ့သူတစ်ယောက်အနေနဲ့ အောင်မြင်မှုပန်းတိုင်ဆီရောက်ဖို့ စိတ်ကူးအိပ်မက်တစ်ခုတည်းသာ လိုပါတော့တယ်။

**စိတ်ကူးအိပ်မက်က ကျွန်ုပ်တို့အလုပ်တွေကို တန်ဖိုးတွေထပ်မံပေါင်း ထည့်ပေးပါတယ်...**

စိတ်ကူးအိပ်မက်က ကျွန်ုပ်တို့လုပ်ကိုင်သမျှ အရာရာတိုင်းကို သဘာဝကျကျ ရှုမြင်သုံးသပ်ပိုင်ခွင့်ပေးထားပါတယ်။ မိမိတို့လုပ်ကိုင်တဲ့အလုပ်အပေါ် သဘာဝကျကျရိုးရှင်းစွာ ရှုမြင်တတ်တာကြောင့် မူလထက် ပိုမိုတန်ဖိုးတက်လာစေပါတယ်။ ဒီအခါကျွန်ုပ်တို့ ပုံဖော်ဆောင်ရွက်ရမယ့် ကြီးကျယ်တဲ့ ကိစ္စရပ်တွေအားလုံးမှာ တန်ဖိုးတွေမြင့်တက်လာပြီး အောင်မြင်နိုင်တဲ့အခွင့်အရေးတွေလည်း များလာမှာဖြစ်ပါတယ်။

**စိတ်ကူးအိပ်မက်တစ်ခုအား အဆင့်ဆင့်တိုးတက်ပွံ့ဖြိုးလာစေခြင်း**

ကျွန်တော်ဟာ နှစ်ပေါင်းများစွာကတည်းက ခေါင်းဆောင်မှုပညာရပ်နဲ့ပတ်သက်ပြီး စိတ်ကူးအိပ်မက်က ဘယ်လောက်ထိ အကျိုးသက်ရောက်စေတယ်ဆိုတာကို သိဖို့လေ့လာစူးစမ်းမှုတွေ များစွာလုပ်ခဲ့ပါတယ်။

နောက်ပြီး ကျွန်တော်ဟာ စိတ်ကူးအိပ်မက်ရှိတဲ့သူတွေနဲ့ စိတ်ကူးအိပ်မက်တွေ အမှန်တကယ်ဖြစ်လာအောင် လုပ်နိုင်စွမ်းရှိတဲ့သူတွေအကြား ကွာခြားချက်ကိုလည်း လေ့လာနိုင်ခွင့်ရခဲ့ပါတယ်။

Atari ကိုတည်ထောင်တဲ့ "နိုလန်ဘုရှ်နယ်" လို ပုဂ္ဂိုလ်က အခုလိုပြောခဲ့တာကို မှတ်မိပါသေးတယ်။

'ဘယ်သူမဆို ရေပန်းအောက်မှာရှိနေတုန်းအချိန်၊ စိတ်ကူးကောင်းလေးတွေ ခေါင်းထဲပေါ်လာတတ်တယ်။ ပြီးရင်တော့ ရေပန်းအောက်ကခွာလိုက်တာနဲ့ ခေါင်းထဲမှာရှိနေတဲ့စိတ်ကူးတွေ တစ်ခါတည်းပျောက်ကွယ်သွားတတ်ကြတယ်။ ဒါပေမဲ့

mgyoe.com